
စိတ်ကူးချိုချိုအနုပညာ



mgyoe.com



ISBN9789997114761
NF73
9 789997 114761
2,200.00KS

mgyoe.com

ဘုံတွေဆင့်လို့ နာရီစင်ခေါင်မိုးတွင်…၊ ဆူးငှက်
စာမျက်နှာ ၁၅၂ မျက်နှာ၊ ၁၄ · ၅ စင်တီ × ၂၀ · ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၉၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘုံတွေဆင့်လို့ နာရီစင်ခေါင်မိုးတွင်

## ဆူးငှက်

ပထမအကြိမ် ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဝါးတန်းမှတ်တိုင်မှာ... ၁
၂။ ဝါးတန်းလမ်းဆုံ ၁၅
၃။ ခမ်းခမ်းနားနား ဝါးတန်း ၂၈
၄။ ဝါးတန်းတေးသံ ၄၁
၅။ ဘုံတွေဆင့်လို့ နာရီစင်ခေါင်မိုးတွင် ၅၄
၆။ ဘီလမ်း၊ အသံတိတ်ဇာတ်ပို့ ၆၅
၇။ ဘီလမ်းမြစ်ကျဉ်း ၇၆
၈။ ဘီလမ်းလည်ပြန် ၈၇
၉။ လူ့ပျိုပေါက်ဘီလမ်း ၉၉
၁၀။ ၄၀ ကျော်ဘီလမ်း ၁၀၉
၁၁။ မြစ်ဆိပ် ၁၂၁
၁၂။ အိမ် ၁၃၃
၁၃။ စောင်းတန်း ၁၄၃





mgyoe.com

mgyoe.com

မာတိကာ

mgyoe.com

mgyoe.com



# ဝါးတန်းမှတ်တိုင်မှာ . . .

မန္တလေးမှာ ဘတ်စ်ကားစီးဖြစ်ဖို့အခြေအနေက အလွန်နည်းပါးလှသည်။ အိမ်တစ်အိမ်မှာက စက်ဘီးတစ်စီးတလေ အနည်းဆုံးရှိသည် မဟုတ်ပါလား။ အကွက်လည်ဖို့ ဆိုလျှင်တော့ စက်ဘီးနှစ်စီးသုံးစီးတော့ ရှိရမှာပေါ့။ ထိုအခါ သွားရေးလာရေးတွင် စက်ဘီးက အဓိကဇာတ်လိုက် ဖြစ်နေတော့သည်။ ထိုအခါ ဟိုမှသည်မှာ သွားလာရေးကိစ္စတွင် ဘတ်စ်ကားကို အားမကိုးဖြစ်ကြ...။ ဈေးသွားဈေးဝယ် တောင်းတွေပလုံးတွေနှင့် ဆိုလျှင်တော့ ဘတ်စ်ကားစီးကြမှာပေါ့။ ဧည့်သည်စောင်သည် အများအပြားနှင့် ဆိုလျှင်တော့ ဘတ်စ်ကားစီးကြမှာပေါ့။

ဟိုစဉ်ကာလကလည်း မန္တလေးဆိုတာ ဂျင်ခလယ်သာသာ...၊ မြောက်လားသော် အိုးဘို၊ တောင်လားသော် ဘုရားကြီး...၊ အရှေ့လားသော် မာန်အောင်တိုက်၊ အနောက်လားသော် မြစ်ဆိပ်...၊ ဒါပဲရှိသည်မဟုတ်လား...၊ ထိုအခါ အရှေ့ထိပ် အနောက်ထိပ်၊ တောင်ထိပ်မြောက်ထိပ် ခရီးသည် စက်ဘီးဖြင့် ခပ်မှန်မှန်လေးနင်းကာမျှပင် နာရီဝက်ထက် ပိုမကြာ...၊ မန္တလေး

mgyoe.com

ဘတ်စ်ကားဆိုတာကလည်း "သံလိပ်"ကြီးတွေဟု တင်စားခေါ်ရလောက်အောင် နေးရာလေးရာတွင် စံတင်ခဲ့ဖူး၏။ မရှိလို့လုပ်စား ဖြည်းဖြည်းပေါ့တဲ့...။ ၈၄ လမ်းပေါ်မှ ဧည့်သည်သည် ဘူတာကြီးသွားဖို့ ဘတ်စ်ကားစီးမိပြီဆိုတော့...။ တစ်ပြတစ်တိုင်နှုန်းရှိသော မှတ်တိုင်တိုင်းမှာ စိမ်ပြေနပြေရပ်ပြီး အဝေးဆီမှလက်ပြကာ ခပ်မှန်မှန်လှမ်းလာမည့် ပါစင်ဂျာကို စိတ်ရှည်လက်ရှည်စောင့်မည်။ ဂီယာသွင်းတုတ်ထောက်ကာ တစ်လှိမ့်ချင်းလှိမ့်ပြီး နောက်ထပ်ဂီယာမသွင်းမီ ရောက်လာသည့် မှတ်တိုင်တစ်တိုင်မှာ ခေါင်းထိုးရပ်မည်။ မိနစ်အနည်းငယ် လိုသေးလျှင် ဝင်းလိုက်ရပ်ရှင်ရုံက ရုပ်ရှင်အပြီးကို စောင့်ဦးမည်။ ဈေးချို မှတ်တိုင်မှာတော့ "စောင့်ပေဦးတော့ ထမင်းထုပ်ကြီးနဲ့" ဟု ဆိုရမလောက်ကြာမည်။ စက်ရပ်ကာ ဒရိုင်ဘာက သူ့ခုံမှာပင်ထိုင်လျက် အိပ်ချင်အိပ်နေမည်။ စပယ်ယာက ဝက်သားတန်းဘက်သွားပြီး စံတော်သစ်ကဖေးက လက်ဖက်ရည်ပါဆယ် ဆွဲချင်ဆွဲလာမည်။ ၂၈ လမ်းထိပ်လောက်မှာ နောက်ကားအရိပ်အယောင်မြင်မှ ကားစက်နှိုးလိမ့်မည်။ အနည်းဆုံး နာရီဝက်တော့ ကြာမှာပေါ့။

ဤသို့ဖြင့်...ဈေးချိုအလယ်ပေါက်မှာလည်း ခပ်ဖြည်းဖြည်း...၊ မြောက်မလွယ်ပေါက်မှာလည်း ခပ်ဖြည်းဖြည်း...၊ နာရီစင်မှာလည်း...ခပ်ဖြည်းဖြည်း၊ မာရဂျမ်းတိုက်မှာလည်း ခပ်ဖြည်းဖြည်း ကာတစ်တိုက်မှာလည်းခပ်ဖြည်းဖြည်း...၊ ဘဏ်တိုက်မှာလည်း ခပ်ဖြည်းဖြည်း...၊ ကြေးနန်းရုံးမှာလည်း ခပ်ဖြည်းဖြည်း...၊ ကျုံးထောင့်မှာလည်း ခပ်ဖြည်းဖြည်း...၊ ထိုအခါ... ၈၄ လမ်း လက်ဆည်ကန်က တက်စီးလာသော ဧည့်သည်သည် ဘူတာကြီးရောက်ဖို့ ဘတ်စ်ကားပေါ်မှာ ၁ နာရီကျော်ကြာ အချိန်ပေးလိုက်ရပြန်ပေါ့။

ထို့ကြောင့် ၈၄ လမ်းမှ မန္တလေးသားသည် အိမ်ထဲမှ စက်ဘီးလေးဆွဲထုတ်ပြီး ဘူတာကြီးသွားတော့ အလွန်ဆုံး ၁၅ မိနစ်ပဲကြာမည်။ သည့်ထက်ပိုအရေးကြီးလျှင် ၂၉ လမ်းကဖြတ်...၊ ဘူတာတံတားကုန်းကြီးပေါ် စက်ဘီးမ,တင်ပြီး ကျော်ချလိုက်သည်။ သည်လိုနှင့် ဘူတာကြီးသွားမလား... ဆေးရုံကြီးသွားမလား...၊ ဘုရားကြီးသွားမလား...၊ မန္တလေးတောင်သွားမလား...၊ စက်ဘီးလေးနှင့်က အလုပ်ဖြစ်သည်။ ယုတ်စွအဆုံး မန္တလေးနှင့် ခြောက်မိုင်ခုနစ်မိုင်ဝေးသော ရန်ကင်းတောင်သို့ပင် စက်ဘီးလေးနှင့် သွားလိုက်ကြသေးသည်။

သည်တုန်းက ဘတ်စ်ကားနှင့် သွားသူဆိုလျှင် ဈေးတောင်းခေါင်းရွက်တွေ...၊ မန္တလေး ရွာနီးချုပ်စပ်က ဈေးသွားဈေးပြန်တွေ...၊ ရပ်ဝေးဧည့်သည်တွေ ဒါပဲရှိသည်။ ဟော...၊ အခုတော့ မန္တလေးမြို့ကြီးက ယောင်ကိုင်းဖောင်းကားလာသူပမာ... ဟိုတောင်

mgyoe.com



ဘက်မှာလည်း ဒုဋ္ဌဝတီမြစ်ကမ်းနားအထိ မြို့သစ်တွေ...၊ စက်မှုဇုန်တွေ တိုးချဲ့သွား...၊ မြောက်မှာအိုးဘို ရွှေကျင်သာမက ပုသိမ်လေးကြာနီကန်အထိ လူနေထူထပ်သွား...၊ အရှေ့မှာက သရက်ကုန်းနန်းဦးလွင်သည်လည်း ပီဘိမန္တလေး...၊ ထိုအခါတော်ရုံတန်ရုံ ခရီးမှာ စက်ဘီးစီးသွားဖို့က မသက်သာလှတော့...၊ ကနဦး စံပြစက်မှုသည်ပင် မြို့နှင့် ၆ မိုင်လောက် ဝေးသေးသည်။ စက်ဘီးနှင့်ကတော့ မြို့လယ်ကောင် ဟိုပစ္စည်းလာဝယ်...၊ သည်ပစ္စည်းလာဝယ် ဥဒဟိုမသွား၊ မလာနိုင်တော့ ယခင်က အပျော်ခရီး ငါးဝယ်ထွက်သော တက်သေးအင်းဘေးက နေပူရှာနေရာသည်ပင် လူနေတိုက်ခန်းတွေနှင့်...၊ ကန်တော်ကြီး မြေပဒေသာကျွန်း စိမ်းကိုန်းနှင့်...၊ ၈ လမ်းသွား မြို့ပတ်ကမ်းနားလမ်းက ဟို...တောင်ဘက် ရွှေကြက်ယက် ခြေတော်ရင်းဆီ ဦးခိုက်သွားပေပြီ။

ထိုအခါ...၊ မန္တလေးအိမ်တွေထဲ လှေကားခြေရင်းမှာ ထောင်ထားတတ်သည့် စက်ဘီးတွေနေရာ စူပါကပ်ဆိုင်ကယ်တွေက အစားဝင်ရောက်လာတော့သည်။ မန္တလေးမှာ ဆိုင်ကယ်လေးတစ်စီးမှပင် မရှိလျှင်တော့ နေရာမကျလှတော့...။ သို့သော်...အခုလို ဆိုင်ကယ်ပက်ကင်အသစ်တစ်စီး ဆယ်ငါ့သိန်း၊ ဆယ့်ရှစ်သိန်းဖြစ်နေသော အခြေအနေ မပြောပါနဲ့တော့...၊ ဆိုင်ကယ်တစ်စီး လေးငါးခြောက်သိန်းတန်သော ကာလမှာပင် ဆိုင်ကယ်စီးနိုင်သူ လူဦးရေက မန္တလေးမြို့ လူဦးရေနှင့်စာလျှင် နည်းပါးလှပါသေး၏။

mgyoe.com

မန္တလေးစက်ဘီးများနေရာတွင် ဆိုင်ကယ်တွေ အစားထိုးနိုင်ပြီဟု ပြောလို့မရသေး…၊ ဈေးချိုမှာတော့ ဆိုင်ကယ်တွေ များလာတာပေါ့။ မြို့လယ်အထက်တန်း ကျောင်းကြီးတွေမှာ ဆိုင်ကယ်တွေ များလာတာပေါ့။ နာမည်ကျော်နေ့ အထူးကျူရှင်ကြီးတွေမှာ ဆိုင်ကယ်တွေ များလာတာပေါ့…၊ စည်ပင်သာယာရုံးမှာ ဆိုင်ကယ်တွေများလာတာပေါ့။ သည်လိုပဲ အခြားအခြား ရုံးတွေရုံးတွေမှာ ဆိုင်ကယ်တွေများလာတာပေါ့။ ထို့အတူ ဟိုး…မြို့သစ်ဆီမှ မနက်လင်းလျှင် အလုပ်လာသော စက်ဘီးအုပ်ကြီးတွေလည်း များသထက်များလာတာ ပေါ့။ ထို့အတူ ရုံးတော်ကြီးထောင့်မှတ်တိုင်မှာ အလုအယက် တစာစာခေါ်နေသော မြို့သစ်ဘတ်စ်ကားတွေပေါ် တိုးဝှေ့တက်ကြသူတွေလည်း များလာတာပေါ့။

ယခင်ကတော့ မန္တလေးဘတ်စ်ကားများသည် ချက်ပလက်ခေါင်းတိုကြီးများကို သံဘော်ဒီ၊ သစ်သားဘော်ဒီတင်ကာ ဂီယာတုတ်ထိုးပြီး တအိအိ ခပ်ဖြည်းဖြည်းမောင်းသော ကားအိုကြီးများသာ ဖြစ်၏။ အခုတော့ နောက်ပေါက် မန္တလေးဘတ်စ်ကားတွေက ဒိုင်နာ ကား၊ ဒတ်ဆန်းကား၊ ဆန်နီပစ်ကပ် ကားလေးချည်းများဖြစ်ပြီ။ စက်ကုန်တင်၊ မိုင်ကုန် သုတ်ကာ အပြိုင်အဆိုင် အသည်းတယားယား မောင်းနှင်သော ဘတ်စ်ကားတွေ အများစု ဖြစ်ကုန်ပါပြီ။ ဗိုးခနဲမောင်း…၊ လမ်းလယ်ကောင် တုန့်ခနဲရပ်ကာ လူတင်ချင်တင်မည်။ ယာဉ်ကြော နှစ်ထပ်သုံးထပ်ရပ်ပြီး ခရီးသည်လုချင်လုမည်။ မျက်နှာချင်းဆိုင်မှာ မည်သည့် ယာဉ်လာလာ…၊ ကားနှစ်စီးသုံးစီး အပြိုင်အဆိုင် မောင်းချင်မောင်းမည်။ ကန့်လန့်ဖြတ် လမ်းဆုံ ဖြစ်ချင်ဖြစ်ပါစေ… လမ်းပိတ်ပြီး ရပ်ချင်ရပ်မည်။ ခြေတက်ခုံမှာ လူပဒေသာဖြစ် ပါစေ…၊ ခေါင်မိုးပေါ်မှာလည်း လူအပြည့်အသိပ် တင်ချင်တင်မည်။ ခရီးသည် လက်ကျန် နည်းလျှင် ဂိတ်ဆုံးထိ မမောင်းတော့ဘဲ လမ်းမှာတင်ရပ်ကာ ဆင်းချင်ဆင်းခိုင်းပြီး ပြန်လှည့် ချင်လှည့်မည်…၊ ရပ်နေရာမှ နောက်ကား အရိပ်အယောင်မြင်လျှင် ရှေ့ကားကို ကမန်း ကတန်းကျော်ပြီး အပြေးအလွှား ထွက်ချင်ထွက်မည်…၊ မနက် ဝေလီဝေလင်း ၈၄ လမ်းမ ပေါ်သွားကြည့်လျှင်ဖြင့် ကိုင်းတန်းဈေးသွား မြို့သစ်ကားတွေ လူအပြည့်အသိပ် အမောင်း ပြိုင်၊ အမြန်ပြိုင်နေကြတာ အသည်းတယားယား ကြည့်နိုင်သေးသည်။ အခုတော့ မန္တလေး ဘတ်စ်ကားတွေ ခေတ်မီကြပြီဟု ဆိုရပေတော့မည်။

မန္တလေးဘတ်စ်ကားတွေ အခြေအနေ အနေအထား ပြောင်းသွားသော်လည်း မိမိ ကိုယ်၌က ယခုအချိန်အထိ မန္တလေးမြို့ပေါ် ကံကောင်းစွာ ကပ်သပ်နေရဆဲ ဖြစ်သော ကြောင့် ဝေးလံသီခေါင်လှသော မြို့သစ်ရပ်များဆီမှ မြို့ထဲသို့ နေ့စဉ်အလုပ်ဆင်းမြန် ဘတ်စ်ကား တိုးဝှေ့စီးရသောဒုက္ခမှ လွတ်ကင်းနေဆဲဖြစ်ပါသည်။ မိမိ နေ့စဉ်သွားရောက်

mgyoe.com

ရန် လိုအပ်သော နေရာများသည်လည်း မိမိတွယ်ကပ်ခိုကိုးရာ နေအိမ်များနှင့် မဝေးကွာလှသောကြောင့်လည်း အဘယ်ဘတ်စ်ကားကိုမျှ မစီးရဘဲ စက်ဘီးတစ်စီးဖြင့် အလုပ်ဖြစ်နေဆဲဖြစ်ပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံ နယ်မှလာသော ဧည့်သည်များဖြစ်စေ....၊ အလုပ်အပ်မိတ်ဆွေများဖြစ်စေ... ဟိုဟိုသည်သည် သွားချင်သောကြောင့် မည်သည့်ဘတ်စ်ကားလိုင်း စီးရမလဲဟု စုံစမ်းမေးမြန်းလေတိုင်း မိမိမှာ ကျေနပ်ဖွယ်အဖြေ တစ်စုံတစ်ရာ မပေးနိုင်ခဲ့ချေ။ မိမိသိနေတာက အမှတ် (၁) ကားပြာလိုင်းက ဘုရားကြီးနှင့် အောင်တော်မူရေအိုးစင်၊ အမှတ် (၂) ကားပြာလိုင်းက တံခွန်တိုင်နှင့်ပိုက်ကျုံး၊ အမှတ်(၃) ကားပြာလိုင်းက စိန်ပန်းနှင့်တက္ကသိုလ်...၊ အမှတ် (၄) ကျားခေါင်းကားနီက ဈေးချို–မန္တလေးတောင်၊ အမှတ် (၅) ကျားခေါင်းကားနီက ဈေးချို–ပုသိမ်ကြီး၊ အမှတ် (၆) က ကျောက်သပိတ်–ဘုရားကြီး၊ အမှတ်(၇) ကားဝါက ဗိမာန်နှင့်ရွှေကျင် ဂိတ်၊ အမှတ် (၈) က ဈေးချို–အမရပူရ၊ အမှတ် (၉) က ဈေးချို–မတ္တရာ၊ အမှတ် (၁၀) က ဖြစ်စက်နှင့် လေယာဉ်ကွင်း၊ အမှတ် (၁၁) က ဈေးချို–ကျောက်သွေး...။

တကယ်တော့ ထိုအသိများကား များစွာခေတ်နောက်ကျ ကျန်ရစ်ခဲ့ပေပြီ။ ဟုတ်တာပေါ့...၊ သည်ဘတ်စ်ကားလိုင်းနှင့် သည်ခရီးစဉ်တွေက လွန်ခဲ့သော နှစ် ၂၀ ကျော်ကပဲ...၊ ယခုထိုခရီးစဉ်များ မဟုတ်တော့ဘဲ လိုင်းခွဲများအဖြစ် ခရီးစဉ်များစွာလည်း တိုးချဲ့ပြေးဆွဲနေမှာပေါ့။ ထို့ပြင် အောင်စစ်သည်၊ အောင်စစ်မာန်၊ စစ်သည်မာန်၊ အောင်စစ်သူ၊ မာန်စစ်သည်၊ စသည်ဖြင့်...ဆင်တူရောင်တူ ဘတ်စ်ကားလိုင်းနာမည်တွေကလည်း မျက်စိလည်လောက်အောင် များပြားနေသည်မို့ သည်ကားလိုင်းများ၏ ခရီးစဉ်များကိုလည်း မသိရှိတော့...၊ မန္တလေးမှာက ယခုလို ဘတ်စ်ကားလိုင်းတွေ နံပါတ်...၊ နံပါတ်ခွဲတွေ...၊ နာမည်တွေများပြားခဲ့သော် ဘတ်စ်ကားလိုင်း လမ်းညွှန်တစ်ရပ်လည်း တစ်အုပ်တလေမှ မထွက်ခဲ့ဖူးလေတော့ ဘတ်စ်ကားနှင့် အထိအစပ်နည်းသူတွေအဖို့ ခရီးစဉ်နှင့်ကားလိုင်း၊ တွဲဖက်သိရှိမှတ်မိဖို့က မလွယ်ဘူး...၊ သို့သော် မတတ်နိုင်တော့...၊ လက်စွဲတော် စက်ဘီးလေးနှင့်ပဲ စခန်းသွားရုံပေါ့...။

တကယ်တော့...၊ မိမိကသာ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနှင့် အဘယ်ဘတ်စ်ကားနှင့်မှ ပတ်သက်ရန်မလိုဟု ဟိတ်ကြီးဟန်ကြီးနိုင်ခဲ့သော်လည်း တစ်နေ့သွားတော့ မထင်မှတ်ဘဲ ဘတ်စ်ကားနှင့် စခန်းသွားခဲ့ရခြင်းက အတိတ်ဝေဒနာတွေ တူးဆွမိပါတော့သည်။ မှတ်မှတ်ရရ...၊ ဖေဖော်ဝါရီ (၃) ရက်နေ့ကပေါ့...။

* * *

mgyoe.com

mgyoe.com

မြစ်ပြင်ပေါ်မှ တိုက်ခတ်လာသောလေက ကိုင်းတောကိုဖြတ်ကာ တိုက်ခန်း၏ အနောက်ဘက်ပြတင်းမှ တဟူးဟူးဝင်နေ၏။ ပွင့်သေးသေးလေးတွေ ကြဲပက်ထားသော ခန်းစီးစက အငြိမ်မနေ လူးလွန့်နေတော့သည်။ မိတ်ဆွေစာရေးဆရာ နေထိုင်သော ဧရာဝတီမြစ်ကမ်းပေါ် မေးတင်ထားသည့် တိုက်ခန်းပေါ်ရောက်နေတာ သုံးနာရီနီးပါးမျှ ရှိပေပြီ...။ ရန်ကုန်ကရောက်လာသော ရုပ်ရှင်ဒါရိုက်တာတစ်ဦးနှင့် ကျွန်တော်ရယ် မိတ်ဆွေ စာရေးဆရာရယ် တွေ့ဆုံကြဖို့ သည်တိုက်ခန်းမှာ ချိန်းဆိုမိကြသည်။ မွန်းမတည့်မီ ၁၁ နာရီခန့်တွင် ဒါရိုက်တာ၏ကားလေးဖြင့် ကျွန်တော်တို့လည်း တိုက်ခန်းသို့ ရောက်ဖြစ်ကြ သည်။ မိတ်ဆွေစာရေးဆရာ တည်ခင်းကျွေးမွေးသော စားစရာအစုံ စားသောက်ပြီး ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့ကာ မွန်းလွဲ ၁ နာရီနီးပါးရောက်တော့ ညနေရထားနှင့် ရန်ကုန်ပြန်မည့် ဒါရိုက်တာက သူ့ကားလေးနှင့် မြို့ထဲက တည်းခိုရာဟိုတယ်ဆီ ပြန်မည်။ ကျွန်တော့်ကို ပြန်လိုက်မှာလား ခေါ်သည်။ ကျွန်တော်က မှိုင်းပျပျ စစ်ကိုင်းတောင်ရိုး... ကွေ့ကွေ့ကောက်ကောက် မြစ်ရေစီးကြောင်း...၊ သဲသောင်ပြင်ပေါ်မှ စိမ်းဖန့်ဖန့်ကိုင်း တော...၊ ရောမ လက်ပံပင်ကြီးများနှင့် တသုန်သုန်တိုက်ခတ်နေသော လတ်ဆတ်လေကို စုံမက်နေချေပြီ...။ မပြန်ချင်သေး...။



mgyoe.com

ညနေ ၆ နာရီမှာ မိတ်ဆွေ ဆရာဝန်တစ်ယောက်၏ ဆေးခန်းဖွင့်ပွဲရှိသည်။ ပြီးတော့ အမျိုးသား ကဇာတ်ရုံသို့လည်း တက်သွားရဦးမည်...မထူးတော့ သည်မှာပဲနားပြီး ချိတက်ရုံပေါ့...

"ကိုင်း...၊ ပြန်တော့ဗျာ...၊ ကျွန်တော် နေရစ်ခဲ့ဦးမယ်။ ရန်ကုန်ရောက်မှ ဖုန်းဆက်လိုက်တော့..." ဟုဆိုကာ ဒါရိုက်တာကို လက်ပြနှုတ်ဆက်ကာ ချန်နေရစ်ခဲ့သည်။ လက်ပံပင်အောက်မှ ဒါရိုက်တာ၏ကားကလေး ထွက်ခွာသွားတာ တိုက်ခန်းဝရန်တာမှ ကြည့်နေရင်း အနောက်ဘက်မြင်ကွင်းမှာ တဒင်္ဂပျော်ဝင် မှုးယစ်သွားသေးသည်။ ထို့နောက် မိတ်ဆွေ၏တိုက်ခန်းရှိ ကွပ်ပျစ်ပေါ် တစ်ကိုယ်လုံးပစ်လှဲချကာ တင်းကျပ်နေသည့် အကြောအခြင်တွေကို ဖြေလျှော့ချလိုက်သည်။ မိတ်ဆွေစာရေးဆရာကား သူ့စာကြည့်စားပွဲပေါ် နေရာယူကာ ရသမျှအချိန်မှာပင် "ပါရီနွေဦး" ကို တကုတ်ကုတ်ရေးသားနေသည်။ ထို့ကြောင့် တစ်ခန်းလုံးတိတ်ဆိတ်...၊ ပတ်ဝန်းကျင်မှာလည်း တစ်ခါတလေ မောင်းသွားသော စည်ပင်သာယာမှ FAW ကားကြီးများ၏ တဒီးဒီးစက်သံပဲ ကြားရသည်။ အဝေးဆီမှာတော့ မြစ်ပြင်ထဲက ခပ်သဲ့သဲ့ မော်တော်စက်သံ...၊ လွတ်လပ်အေးချမ်း ဆိတ်ငြိမ်ဝန်းကျင်မှာ ကွပ်ပျစ်ပေါ်ရှိ သင်ဖြူးဖျာ၏ အေးစိမ့်အတွေ့ဝယ် မေ့ခနဲ အိပ်ပျော်သွား၏။ အား...၊ ငြိမ်းချမ်းပါဘိ...၊

မိနစ်အချို့ခန့်မျှသာ အိပ်ပျော်သွားပြီး ဖျတ်ခနဲသတိရလာသော အတွေးတစ်ခုက လန့်နိုးသွားစေသည်။ ဟုတ်တာပဲ..၊ ကိုင်း အပြန်မှာ ဘာနဲ့ပြန်မှာလဲ...၊ မိမိမှာက စက်ဘီးပါမလာ။ စက်ဘီး ပါလာလို့ကတော့ ဘယ်ခရီး ဘယ်လောက်ဝေးဝေး တယ်ပူစရာမလို...။ အခုဟာက...၊ အိပ်ရာမှ လူးလဲထပြီး...၊ စာထဲမှာ အာရုံနစ်နေသော မိတ်ဆွေကို အလန့်တကြား မေးလိုက်မိ၏...။၊

"ကိုယ့်ဆရာ...၊ မြို့ထဲပြန် ဘာနဲ့ပြန်ရမှာလဲဗျ" မိတ်ဆွေက ဘော်လ်ပင်လေးချ မျက်မှန်ပင့်တင်ပြီး ပြုံးကြည့်ကာ...၊

"မပူပါနဲ့ဗျာ။ ကျွန်တော် ကိုဘကောင်းမြင်းလှည်း ပြောထားပါတယ်။ ညနေ ၄ နာရီမထိုးခင် လာကြိုပါလိမ့်မယ်" ဟု အေးဆေးစွာပြောသည်။

ထိုအခါမှ စိတ်လက်ပေါ့ပါးသွားသည်။ ပေါ့ပါးသွားသော စိတ်နှင့်အတူ မျက်လုံးကလည်း ထက်ကြပ်မကွာလိုက်ကာ မှေးစင်းသွားပြန်သည်။ ထို့နောက် မေ့ခနဲ...၊

ဒီတစ်ခါတော့ မည်မျှကြာအောင် အိပ်ပျော်သွားလေသည်မသိ...၊ မိတ်ဆွေက နှိုးမှပဲ နိုးတော့သည်။ ဒါတောင် အိပ်ရေးမဝချင်သေး...၊

mgyoe.com



"ကိုယ့်လူ ထတော့... လေးနာရီထိုးနေပြီ။ ရေမိုးချိုးလိုက်ဦး... ကိုဘကောင်း မြင်းလှည်းမလာရင် ဘတ်စ်ကားအမီ သွားကြရမှာ...တဲ့။

ဘတ်စ်ကားအမီဆိုသော အသံက မျက်လုံးကို ချက်ချင်းပြူးကျယ်သွားစေသည်၊ ဘတ်စ်ကားတဲ့...။ သည်နေရာက ဘယ်ဘတ်စ်ကားစီးရမှာလဲဆိုတာ မန္တလေးသား ကျွန်တော် မသိ...၊ ထို့ကြောင့် လူးထဲထပြီးမျက်နှာသစ်ကာ ရေချိုးလိုက်ရသည်။

မိတ်ဆွေစာရေးဆရာက ဆက်တီခုံမှာထိုင်ရင်း စီးကရက်ဖွာကာ ကျွန်တော့်ကို စောင့်နေသည်။ ကျွန်တော်လည်း ကတိုက်ကရိုက် သုတ်ခြေတင်ပြင်ဆင်ပြီး လွယ်အိတ်လေး ကောက်လွယ်လိုက်၏။ လေးနာရီခွဲလုပြီ။

"ကိုဘကောင်း မလာမှာတော့ သေချာသွားပြီဗျ။ နောက်ဆုံးကားမီအောင် ပြေးလိုက်ကြရအောင်" ဟု မိတ်ဆွေကပြောသည်။ တိုက်ခန်းတံခါးပိတ်၊ သော့ခတ်ပြီးလှေကားအတိုင်း အောက်ဆင်းသည်အထိ မည်သည့်ဘတ်စ်ကားစီးရမလဲဆိုတာ ကျွန်တော် မသိသေး...၊ ဘယ်နေရာက စီးရမလဲဆိုတာ ကျွန်တော်မသိသေး...၊ တိုက်ခန်းရှေ့ လမ်းကလေးအတိုင်း တောင်ဘက်သို့ထွက်သည်။ တာရိုးမှ အရှေ့ဘက်သို့ဆင်းသော ကျောက်လမ်းကို တွေ့သည်။ သည်လမ်းအတိုင်း အရှေ့ဘက်ထွက်ရ၏။ တစ်ပြခန့် လျှောက်လိုက်တော့ တောင်မြောက်လမ်းမပေါ်မှာ ဘတ်စ်ကားတစ်စီးက ရပ်စောင့်နေသည်။ ကားနောက်မြီးခုံ

mgyoe.com

ပေါ်မှ စပါယ်ယာက တစာစာ လူခေါ်နေသည်။ လူသာခေါ်သည်။ သူ့ကားပေါ်မှာ အပြည့်အသိပ်...၊ နောက်မြီးပေါ်လည်း တို့လို့တွဲလောင်း...၊ ခေါင်းမိုးပေါ်တော့ လူ မတင်သေး...၊

လာနော် လာနော် သွက်သွက်ကလေး၊ နောက်ဆုံးကား နောက်ဆုံးကားဟု အော်နေ၏ ။

ကျွန်တော်တို့လည်း ခပ်သုတ်သုတ်လေး မပြေးရုံတမယ်သွားပြီး ကားနောက်ခန်းထဲ တိုးဝှေ့ဝင်ရသည်။ ကားပေါ်မှာ ကျောင်းသားကျောင်းသူများနှင့် ဆရာမများက အများစု ဖြစ်သည်။ ကားက ဒိုင်နာကား...၊

"ဒီကားက ဘာနံပါတ်လဲဗျ" ဟု တစ်နေ့ မနေ့ကမန္တလေးသို့ ရောက်လာသော မိတ်ဆွေစာရေးဆရာကို မေးရ၏။

"ဒါအမှတ် ၇ လိုင်းလေဗျာ မြို့ထဲလာချင်ရင် ဒီကားပဲစီးရတာ" ဟုသော မိတ်ဆွေ၏ အဖြေမှာ အံ့အားသင့်နေသည်။

ဩော် အမှတ် ၇ လိုင်းက တက်သေးအင်းအနောက်ခြမ်း ဇရာထွန်းနေပူရွာအထိ ရောက်နေတာ မိမိမသိ...။

အမှတ် ၇ က တောင်နားမှာ ဂိတ်ရှိတယ်လေ။ ဂိတ်က သွားစီးရင် ရှေ့ခန်းကနေရာ ရတယ်"ဟု မိတ်ဆွေကပြော၏။ ကျွန်တော်သိသော အမှတ် ၇ ကားလိုင်းက သံဘော်ဒီ တပ်ချက် ပလက်ခေါင်းတိုကားကြီးများဖြစ်သည်။ ကားဝါလိုင်းဟု မန္တလေးကခေါ်ကြ၏။ ကားတစ်စီးလုံး ဆေးဝါရောင်သုတ်ထား၏။ မန္တလေးအမှတ်အသား ကျုံးမြို့ရိုးမှ ပြသာဒ်နှင့်တံခါးကို ဖဲတွန့်အဝိုင်းဝန်းထားသည့် တံဆိပ်ဖြစ်သည်။ ဖဲတွန့်ထဲမှာ "မန္တလေးမြို့တွင်း သယ်ယူပို့ဆောင်ရေး ယာဉ်အသင်း" ဟု စာတန်းရေးထိုးထား၏။

အမှတ် (၇) ကားဝါလိုင်းသည် ယခင်က မြောက်ပြင်အိုးဘိုရွှေကျင်နှင့် ၃၅ လမ်း သာသနာ့ဗိမာန် ပြေးဆွဲသည်။ ကားခေါင်းရှိ နံပါတ်အောက်မှာ ဗိမာန်-အိုးဘိုဟု ရေးထား၏။ သာသနာ့ဗိမာန်ရှေ့ကားဂိတ်တွင် ကားဝါတွေ စီတန်းထိုးထား၏။ ထိုကားဂိတ်ကို အမှီပြုပြီး သာသနာ့ဗိမာန်ရှေ့ ညောင်ပင်ဝိုင်းကြီးတွင် ထမင်းဆိုင်တစ်ဆိုင်ရှိသည်။ ကြက်သား၊ ဝက်သား၊ အမဲကြော်၊ ကြက်ဥကြော်၊ ဆိတ်သားဟင်း၊ ဘဲဥချဉ်ချက် စသည်ဖြင့် ဇလုံထဲတွင် ထမင်းတစ်ခါပြင်ထည့်ထားပြီး ဟင်းကိုပုံပေး၏။ ငရုတ်သီးကြော်၊ ငံပြာရည်ဖျော်နှင့် အတို့အမြှုပ် ကြိုက်သလောက်ထည့်စားပေရော့...၊ ထို့ပြင် ကုလားပဲဟင်း ကြော်ချက်နှင့် ချဉ်ရည်ဟင်းလည်း လိုသလောက်ထည့်စားနိုင်၏။ ကျွန်တော်မိတ္တုန်းက

 mgyoe.com


တစ်ခါပြင် ၈ ကျပ်။

သျောင်ပင်အောက် အုတ်ခုံဝိုင်းကြီးမှာ ဇလုံကိုင်ကာ တင်ပလ္လင်ခွေပြီး ငံပြာရည်ချက်ဆမ်း...၊ ချဉ်ရည်ပူပူ တရှူးရှူးသောက်ရင်း မနက်စာပေါင်းများစွာ စားခဲ့ဖူးပါ၏။ နောက်တစ်ခါပြင် တစ်ဆယ်ကျပ်။ နောက်တစ်ခါပြင် ၁၅ ကျပ်...၊ နောက်တစ်ခါပြင် အစိတ်...၊ တစ်ခါပြင်အစိတ် အချိန်ရောက်တော့...၊ မန္တလေးသားနာမည်ကျော် စာရေးဆရာကြီး တစ်ယောက်နှင့် မကြာခဏ သွားစားဖူးပါသေး၏။ နောက်တော့ မရောက်ဖြစ်တော့...၊ အမှတ် ၇ ကားဝါလိုင်းဂိတ်လည်း ဗိမာန်မှ စိန်ပန်းရောက်သွားသတဲ့။ စိန်ပန်းမှ ဇရာထွန်း အထိ ရောက်သွားတာမသိတော့...၊

အခုတော့ အမှတ် ၇ ကားဝါလိုင်းမှာ ယခင်လက်ကျန် ချက်ပလက် ခေါင်းတိုကားကြီးများအပြင် ဒိုင်နာကားတွေ များလာသတဲ့...၊ အမှတ် ၇ မှာသာမက အခြားကားပြာ၊ ကားနီ၊ တောင်မြို့လိုင်းတွေ၊ မတ္တရာလိုင်းတွေမှာလည်း ကားဟောင်းတွေ သိပ်မရှိတော့...၊ ဒိုင်နာတွေပဲ အစားထိုးလာသည်။

ကျွန်တော်ကတော့ အဟောင်းမှာပဲ စိတ်ကစွဲနေတော့ အမှတ် ၇ ဆိုလျှင် ချက်ပလက်ခေါင်းတိုမှာ သစ်သားဘော်ဒီတပ် ကားကြီးကိုပဲ မြင်နေမိသည်။ အခုလို ဒိုင်နာကားလေးတွေကို သတိမထားမိအောင် မိမိ၏အစွဲနှင့် အမြင်မကျယ်မှုကို အပြစ်တင်မိသေး၏။

ကျွန်တော်တို့စီးလာသော ဒိုင်နာအမှတ် ၇ ကားက ၄၁ လမ်းအတိုင်း အရှေ့တက်သည်။ သားရေစက်ရုံအနားရောက်တော့ ကားပေါ်ပါလာသည့် ကျောင်းသူကျောင်းသားများနှင့် ဆရာမတွေ ဆင်းသွားကြသည်။ ၄၁ လမ်းအတိုင်း အရှေ့တက်၊ ၈၄ လမ်းရောက်တော့ မြောက်ချိုးမည်ဟု ထင်ထား၏။ သို့သော် ၈၄ လမ်းမရောက်မီ ၈၅ လမ်းရောက်တော့ ကြားလမ်းအတိုင်း မြောက်သို့ချိုး၏။ ရွာဟိုင်းဈေး (မန်းမြို့ဈေး) အနောက်ဘက်လမ်းအတိုင်း လှည်းတန်း၊ မြတောင်တိုက် အရှေ့ဘက်လမ်း ဗိမာန်၊ မလွန်၊ သကျသီဟ အရှေ့ပေါက်...။

၂၀၀၀ ခုနှစ် အစကနဦး ဖေဖော်ဝါရီလဆန်းမှာပင် အမှတ် ၄ ကားလိုင်း၏ ခပ်သွက်သွက်မောင်းသော ဒိုင်နာကားပေါ် ထိုင်လိုက်မိပြီး ၈၅ လမ်းတစ်လျှောက် ၃၁ လမ်းမှ မြောက်ဘက်သို့ဝင်လိုက်တော့ ကျွန်တော့်အတွေးအာရုံကို ကုန်လွန်ခဲ့သော နှစ်ကာလများဆီသို့ အဝေမှ ဆွဲယူသွားပါပကော...။

* * *

mgyoe.com

mgyoe.com

အခြေခံ အလယ်တန်း စာမေးပွဲဟုခေါ်သော ၈ တန်းစာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်သောအခါ မူလနေခဲ့သောကျောင်းမှ သိပ္ပံဘာသာတွဲသင်သော အမှတ် (၁) အစိုးရ အထက်တန်းကျောင်းသို့ပြောင်းကာ ၉ တန်းဆက်တက်ရသည်။ အသစ်ပြောင်းရွှေ့ရသော အမှတ် (၁) အစိုးရအထက်တန်းကျောင်းက ကျုံးအနောက်ဘက် ၈၁ လမ်းပေါ်မှာ ရှိသောကြောင့် နေအိမ်နှင့်က အတော်အတန်ဝေးသည်။ ၁၉၇၃ ခုနှစ်ဆိုသော အချိန်ကာလ၏ ကိုးတန်းကျောင်းသားတစ်ယောက်အဖို့ စက်ဘီးတစ်စီးကို ကိုယ်ပိုင်ရရှိရေးသည် ခဲယဉ်းလှချေ၏။ ထို့ကြောင့် ဘတ်စ်ကားဖြင့်သာ ကျောင်းတက်ရသည်။ အမှတ် (၁) အထက်တန်းကျောင်းကို ရောက်တာက ကားဝါအမှတ် (၇) ဘတ်စ်ကားလိုင်းပဲဖြစ်ပါတယ်။ မလွန်သာသနာ့ဗိမာန်မှာ ဂိတ်ထိုးသော အမှတ် (၇) ကားဝါသည် ၈၅ လမ်းအတိုင်း မြောက်သို့မောင်းလာကာ ၂၈ လမ်းရောက်တော့ အရှေ့တက်သည်။ ၈၄ လမ်းအတိုင်း ဈေးချိုကိုဖြတ်ပြီး ၂၆ ဘီလမ်းရောက်တော့ အရှေ့ထပ်တက်သည်။ ၈၁ လမ်းရောက်မှ မြောက်သို့ချိုး၏။ ၂၆ ဘီလမ်းမှ ၈၁ လမ်းသို့အချိုးမှာ လေကြောင်းရုံးမှတ်တိုင်ရှိသည်။ လေကြောင်းရုံးမှတ်တိုင်ပြီးတော့ အမှတ် (၁) အထက်တန်းကျောင်းမှတ်တိုင်ဖြစ်၏။

ထိုစဉ်က နေအိမ်မှာ ၂၉ လမ်းအနောက်ထိပ်မှာ ရှိသောကြောင့် ဘတ်စ်ကားမှတ်တိုင်ရှိရာ ၈၅ လမ်းဆီသို့မှ ခြေလျင်လျှောက်ရ၏။ ဒေါင်းရိုးရပ်ကိုဖြတ်...၊ ထီးတန်းဈေးကိုဖြတ်ပြီး ၂၉ လမ်းနှင့် ၈၅ လမ်းထောင့် "ဦးကာက" လက်ဖက်ခြောက်တိုက်နား မှတ်တိုင်မှာ ဘတ်စ်ကားစောင့်ရသည်။ ၈၅ လမ်းအတိုင်း တောင်ဘက်မှတဖြည်းဖြည်း တအိအိမောင်းလာသည့် ကားဝါဘတ်စ်ကားကို လည်ပင်းတရှည်ရှည် စောင့်မျှော်ရ၏။ ဆွမ်းခံကြွချိန်၊ ကျောင်းသွားချိန်နှင့် ဈေးချိန်မို့ ဘယ်သောအခါမှ ဘတ်စ်ကားက ချောင်သည်မရှိ...၊ ဒရိုင်ဘာဘေးရှိ ရှေ့ဆုံးခုံတွေမှာ ဆွမ်းခံကိုယ်တော်တွေနှင့် ပြည့်နေသည်။ နောက်ပိုင်းမှာက တောင်းကိုယ်စီ ပလုံးကိုယ်စီနှင့် စိန်ပန်း သံလျက်မှော်၊ ဒေးဝန်းတစ်ဝိုက်က ဈေးသည်ဈေးဝယ်တွေ ကျပ်ညပ်ပါလာသည်။ အမှတ် (၁) အထက်တန်းကျောင်း၊ အမှတ် (၄) အထက်တန်းကျောင်း၊ အမှတ် (၁၁) အထက်တန်းကျောင်း၊ အမှတ် (၈) အထက်တန်းကျောင်းများသို့ ကျောင်းတက်မည့် ကျောင်းသူကျောင်းသားများက ကားဝမ်းခေါင်းထဲ တိုးဝှေ့ဝင်ကာ မိုးတိုးမတ်တပ်ရပ်ကြရ၏။ ဘတ်စ်ကား နောက်တက်ခုံပေါ်မှာလည်း မြောက်ပြင်က ကားဝပ်ရှော့တွေဆီ၊ ကားဘော်ဒီလုပ်ငန်းတွေဆီ၊ ပန်းထိမ်ဖိုတွေဆီ အလုပ်ဝင်ကြမည့် အလုပ်သမားများကလည်း တွဲလောင်းခို...၊

mgyoe.com

 mgyoe.com 

သည်လိုနှင့် နေ့စဉ်ရက်ဆက် တစ်ရက်နှစ်ကြိမ် ကျောင်းတက်ကျောင်းဆင်းချိန်တွေမှာ ၈၅ လမ်းက မှတ်တိုင်နှင့် ထိတွေ့ရင်းနှီးလာတော့ သည်နေရာ သည်ပတ်ဝန်းကျင်အပေါ် သံယောဇဉ်တွယ်လာတာလည်း အမှန်။ အမှတ် (၁) အထက်တန်းကျောင်းမှာ သုံးနှစ်တင်းတင်း နေခဲ့ရသော ကျောင်းဖွင့်ချိန်ရက်များတွင် ဤနေရာနှင့် တစ်နေ့နှစ်ကြိမ် ဆုံဆည်းရသည်ဆိုတာက ယေဘုယျအခြေအနေ...၊ တချို့သော ရက်ရှည်လများမှာမူ ထမင်းစားကျောင်းဆင်းချိန်တွင် အိမ်သို့အချိန်လုကာ ပြန်သောကြောင့် တစ်နေ့ ၄ ကြိမ်ပင် ဘတ်စ်ကားမှတ်တိုင်နှင့် နပန်းလုံးရချေသေး၏။

တကယ်တော့ လူ့ဘဝခရီးစဉ်တစ်လျှောက်မှာ ၄ မိုင်မျှသောခရီးကို ဘတ်စ်ကားစီးသည့်ကိစ္စအပေါ် ရေးကြီးခွင်ကျယ်လုပ်ရန်ကောဟု အပြစ်တင်လျှင် ခေါင်းငုံ့ခံရုံပဲဖြစ်ပါသည်။ ကျွန်တော်ပြောချင်တာက လူ့ဘဝခရီးကို နှစ် ၄၀ ကျော်မျှဖြတ်သန်းလာရသော ခရီးတာတွင် ရှားတောင့်ရှားပါး ဘတ်စ်ကားစီးရသော ၃ နှစ်တာမျှ ခရီးတိုကလေးတွင် ဆုံဆည်းခဲ့ရသော ဘတ်စ်ကားမှတ်တိုင်လေးတည်ရှိရာ ရပ်ကွက်တစ်ကွက် (သို့မဟုတ်) လမ်းတစ်လမ်းအကြောင်းဖြစ်ပါသည်။

ထိုလမ်းကား ဝါးတန်း။

* * *

တကယ်တော့ မန္တလေးမှာ ဝါးတန်းဟု သိနေသောနေရာက ၈၅လမ်း၊ ၂၈ လမ်းနှင့် လမ်း ၃၀ ကြားဖြစ်သည်။ ထို့ပြင် ၂၉ လမ်းကို ၈၄ လမ်းမှ ၈၆ လမ်းကြားကိုလည်း ဝါးတန်းဟုပဲ ခေါ်ကြ၏။ အကယ်၍ ဝါးတန်းရပ်ကို မြေပုံဆွဲကြည့်ပါက အပေါင်းလက္ခဏာသဏ္ဍာန် ထူးခြားစွာတွေ့ရမှာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မန္တလေးက ဝါးတန်းသည် နာမည်ကျော်၏။ ထင်ရှား၏။ အဘယ်ကြောင့်ဟူမူ ဈေးချိုအနီးရှိ လူကုန်တန် ရပ်ကွက်ကြီးတစ်ကွက်ဖြစ်သလို...၊ အလှူအတန်း ရက်ရောသောအရပ်...၊ မန္တလေး၏ မြို့မိမြို့ဖများ တစ်စုတစ်ဝေးရှိသောအရပ်...၊ မန္တလေး၏ သူဌေးဘွဲ့ခံပုဂ္ဂိုလ်ကြီးများ နေထိုင်ရာ အရပ်လည်း ဖြစ်သည်။ အရောင်းအဝယ်ကောင်းသော၊ အခြေခိုင်မာသော မန္တလေးဇာတိဖွားများ အစဉ်အဆက် နေထိုင်သောအရပ်မို့ ပဝတ္တိသားတို့၏ ပြောင်းလဲပိုင်ဆိုင်မှုမျိုးဖြင့် အခြေပြောင်းအခြေပျက် အသွင်သဏ္ဍာန် တစ်ဆစ်ချိုးသွားသည့် ရပ်ကွက်လည်း မဟုတ်ပါချေ။

သုံးနှစ်သုံးမိုး ဘတ်စ်ကားစောင့်ခဲ့ရသော မှတ်တိုင်အနားက "ဦးကာက" လက်ဖက်ခြောက်တိုက်သည်လည်း မပြောင်းလဲ။ ယခင်လိုပဲ အရောင်းအဝယ်ကောင်းဆဲ၊ အလှူ

mgyoe.com

အတန်း ရက်ရောဆဲ... မှတ်တိုင်လေးနောက်ကျောက သံဂဟေဆိုင်ကတော့ မရှိတော့ပြီ၊ သည်နေရာမှ ဘတ်စ်ကားလာလျှင် အပြေးကလေး တက်လာတတ်သည့် အမှတ် (၄) အမျိုးသမီးကျောင်းက ခပ်ပုပုကျောင်းသူကလေးရော ရှိနေသေးသလားမသိ။

"ဦးကာက" လက်ဖက်ခြောက်သည် မန္တလေး၏ အမှတ်အသားပင်ဖြစ်သည်။ ဦးကာကနှင့်အတူ ဇနီးဒေါ်စိန်ပါတွဲ၍ "ဦးကာက ဒေါ်စိန်" ဟု မန္တလေးက တွဲဖက်သိရှိကြသည်။ "၂၀၀၁" ခုနှစ်တွင် အနှစ်တစ်ရာပြည့်မည့် မဟာဂန္ဓာရုံဆရာတော် ဇနာကာဘိဝံသ၏ လက်ရင်းပစ္စည်းလေးပါး ဒါယကာကြီးဖြစ်၏။ ယခုသားမြေးများ လက်ထက်တိုင် မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးအပေါ် သံယောဇဉ်ကြီးစွာ ဝန်းရံလှူဒါန်းနေကြဆဲဖြစ်ပါသည်။ ဦးကာက၏ဇနီး ဒေါ်စိန်သည် ပအိုးဝ်တိုင်းရင်းသူဖြစ်သောအခါ သူ၏လက်ဖက်ခြောက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းခြင်း ရေခံမြေခံကလည်း ပြောစရာမလိုကောင်းမွန်နေတာ သေချာသည်။ ယခုသားမြေးများ လက်ထက်တိုင် "ဦးကာက" လက်ဖက်ခြောက် ထင်ရှားနေဆဲ...၊

အမှတ် ၇ ဘတ်စ်ကားမှတ်တိုင်လေးနှင့် မျက်စောင်းထိုး ၈၅ လမ်း အနောက်ဘက်ခြမ်းမှာ "ရန်အောင်မန်း" အဝေးပြေးဘတ်စ်ကားဂိတ် ရှိခဲ့ဖူးပါ၏။ ရန်အောင်မန်းကားများက မန္တလေးမှာ နာမည်ကျော်သည်။ တံဆိပ်က မြင်းပျံတံဆိပ်... ရန်အောင်ကားတိုင်းမှာ ဘော်ဒီအပြင်အဆင်က ဆင်တူဖြစ်သည်။ ချက်ပလက်ခေါင်းတိုကို သံဘော်ဒီအလုံးဆင်ရသည်။ ကားတစ်စီးနှင့်တစ်စီး အဆင်တူ၊ ဒီဇိုင်းတူ၊ အရောင်တူများဖြစ်သည်။ ကားခေါင်းက အပြာရင့်... ဘော်ဒီတစ်ဖက်တစ်ချက်မှာ အပြာရင့်၊ အပြာနု၊ မီးခိုးနှင့် အဖြူရောင်လိုင်းစင်းများ... ဒီဇိုင်းက လှပခေတ်မီသည်။ အဝေးကပင် ထင်းခနဲမြင်ရပြီးဒါ "ရန်အောင်မန်း" ဟု ကလေးကအစ မှတ်မိနေလေ၏။ ရန်အောင်မန်း ကားအသင်း၏ဌာနချုပ်က ရွှေဘိုမှာရှိပြီး မန္တလေးနှင့်မုံရွာမှာ ဌာနခွဲတွေရှိသည်။ သို့သော် မန္တလေးဌာနခွဲက အသင်းလည်ပတ်ရေး၏ အဓိကချက်မဖြစ်သည်။ ရွှေဘို–မန္တလေး၊ မုံရွာ–မန္တလေး ပြေးဆွဲသည်။ ကားကောင်းကားသန့်တွေမှာ ခုံနံပါတ်နှင့်အတူ အချိန်မှန်ထွက်သောစနစ်ကြောင့် ရန်အောင်မန်းဟုဆိုလျှင် ခရီးစဉ်အတွက် စိတ်ချခဲ့ကြသည်။ သည်တုန်းက ရွှေဘို–မန္တလေး၊ မုံရွာ–မန္တလေးကားခက ခရီးသည်တစ်ယောက် ၅ိကျပ်တည်း။ အံ့အားသင့်ဖွယ် ဈေးနှုန်းဖြစ်၏။ သည်တုန်းက မုံရွာ–မန္တလေး၊ ဒီဇယ်အမြန်မီးရထားကလည်း လက်မှတ်တစ်စောင် ဒိ၊ ၃၅ါး လောက်ပဲရှိသည်။

မုံရွာကလာသော ဧည့်သည်တစ်ယောက်သည် ရန်အောင်မန်းကားကို ၅ိ ပေးစီးကာ

mgyee.com

 mgyoe.com 

မန္တလေးရောက်လာ၏။ ဝါးတန်းကားဂိတ်မှသည် တည်းခိုရာဘုရားကြီး ထီးလင်းတိုက်သို့ မြင်းလှည်းခ ၁ဝိ/–ပေးရသောအခါ မုံရွာသားဧည့်သည်မှာ ပြောမဆုံးတော့…၊

စနစ်ကျသောဖွဲ့စည်းမှုဖြင့် ရန်အောင်မန်း ကားသင်းကြီး ဖြစ်ထွန်းအောင်မြင်နေသောအခါ ထုံးစံအတိုင်းပင် မကြာမီ အနားမှာကပ်ပြီး "ရန်နိုင်မန်း" ဆိုသော ကားသင်းတစ်သင်းပေါ်လာသည်။ ရန်အောင်မန်းက ခွဲထွက်တာတဲ့…၊ ရဲနိုင်မန်း ကားဒီဇိုင်းတွေကလည်း ရန်အောင်မန်းနှင့်အဆင်တူ၊ သို့သော်အရောင်ကွဲ…၊ ရန်အောင်မန်း၏ အပြာရင့်အရောင်များနေရာမှာ ရန်နိုင်မန်းက အစိမ်းရောင်ရင့်ကို ပြောင်းလဲသုံးစွဲ၏။

ရန်အောင်မန်းကားဂိတ်နှင့် ကပ်လျက်မှာလည်း ရန်အောင်မန်းအမည်ရှိ ထမင်းဆိုင်ရှိသည်။ ကားဂိတ်နှင့်မျက်နှာချင်းဆိုင် ၈၅ လမ်း၊ အရှေ့ဘက်ခြမ်းမှာက စာအုပ်အဟောင်းဆိုင်တစ်ဆိုင် ရှိခဲ့ဖူးပါသည်။

အခုတော့ ထိုနေရာများမှာ ကားဂိတ်များမရှိတော့…၊ ရန်အောင်မန်း ကားဂိတ်ဟောင်း၌ အုတ်တိုင်မှာ အဖြူရောင်မီးလုံးကြီးတွေနှင့် သံပန်းဝင်းတံခါးကြီးရှိသည်။ ထိုဝင်းတံခါးကြီးမှ အထဲဆီမျှော်ကြည့်လိုက်တော့ ပန်းပင်ရောင်စုံများနှင့်အတူ ဥယျာဉ်ခြံကျယ်ကြီးအလယ်က ဈေးမတိုက်ကြီးတစ်လုံးကို လှမ်းမြင်ရပေမည်။

နာမည်ကျော် ဝါးတန်းသူဌေး ဦးကျော်တိုက်ပဲပေါ့။ သူဌေးဦးကျော်၏ဇနီးမှာ ဒေါ်သန်းရင်ဖြစ်ပါသည်။ မန္တလေးမှ ထင်ရှားသော လုပ်ငန်းရှင်များတွင် ဦးကျော် နာမည်တူ သုံးဦးရှိသည်။ လက်ဖက်ဦးကျော်တဲ့…၊ ဟသံပြဒါးဦးကျော်တဲ့…၊ ဝါးတန်း ဦးကျော်တဲ့…။

ဝ

mgyoe.com

mgyoe.com



# ဝါးတန်းလမ်းဆုံ

(၂-၂-၂၀၀၀) နေ့ကပဲ ကျွန်တော့်ဆီသို့ စာတစ်စောင်ရောက်လာပါသည်။ ရေးသည့်ပုဂ္ဂိုလ်က မန္တလေးစက်မှုဇုန်-၁၊ ရွှေပေါ်ထွန်းစက်မှုက ကိုကျော်ရွှေပါ။ ကိုကျော်ရွှေက ပြီးခဲ့တဲ့လ (အမှတ် ၁၂၂-စက်တင်ဘာ) မြန်မာ့ဓနမဂ္ဂဇင်းမှ ကျွန်တော်၏မန္တလေးမျဉ်းဖြောင့် (ဝါးတန်းမှတ်တိုင်) ဆောင်းပါးပါ အချက်အလက်တချို့အပေါ် ဆွေးနွေးထားခြင်းဖြစ်သည်။ ဆွေးနွေးထားခြင်းဆိုတာထက် အမှားပြင်ထောက်ပြထားခြင်းပြောမှ ပိုမှန်ပါလိမ့်မည်။

ဟုတ်ပါသည်။ "ဝါးတန်းမှတ်တိုင်" ဆောင်းပါး၌ မန္တလေးမြို့တွင်းပြေးဆွဲနေသော ဘတ်စ်ကားလိုင်းတွေမှာ ရှေးယခင်ကတည်းက သုံးခဲ့ကြသည့် "သံလိပ်" ဘတ်စ်ကားကြီးတွေအစား ကားသစ်ကားငယ်လေးတွေနဲ့ ပြောင်းလဲပြေးဆွဲသည့်အကြောင်းရေးတော့ ကားသစ်ကားငယ်လေးတွေရဲ့ အမျိုးအစား နာမည်အချို့ လွဲချော်နေသည်။ တကယ်က ပြောင်းလဲပြေးဆွဲတဲ့

mgyoe.com

mgyoe.com

ကားငယ်ကားသစ်လေးများမှာ တိုယိုတာ၊ ဟိုင်းလပ်၊ တိုင်ယို တာဒိုင်နာနဲ့ ဒတ်ဆန်းတွေသာ ဖြစ်ပါသတဲ့။ ကျွန်တော်ရေးသလို ဆန်နီပစ်ကပ် ကားငယ်လေးတွေ မပါပါဘူးတဲ့။ ဆန်နီ က အိမ်သုံးကားတွေပါတဲ့...။ ကိုကျော်ရွှေ ထောက်ပြတာ မှန်ပါသည်။

နောက်တစ်ချက်က ဝါးတန်းမှာ အထင်ကရရှိခဲ့သည့် "ရန်အောင်မန်း" ကားတွေကို လည်း ကျွန်တော်က "ချက်ပလက်ခေါင်းတို" တွေလို့ ရေးလိုက်ပါသည်။ ကိုကျော်ရွှေက အခုလိုပြင်ပေးသည်။ ရန်အောင်ကားကြီးတွေပေါ်က "ပါကင်ဒီဇယ်" တွေပါတဲ့။ ရန်အောင် မန်းကားခေါင်း ရေတိုင်ကီကိုကာတဲ့ သံဆန်ခါကွက်ပေါ်မှာ ပါကင်ဒီဇယ်ရဲ့ စတုရန်း လေးထောင့်မှာ စက်ဝိုင်းလေးခုပါတဲ့တံဆိပ်ကို ကပ်ထားပါတယ်တဲ့။

ကိုကျော်ရွှေက ရန်အောင်မန်းကားသင်းက ပါကင်ဒီဇယ်ကားကြီးတွေနှင့် ပတ်သက် သော အချိုးအကွေ့ အဖြစ်အပျက်တစ်ခုကိုလည်း ပြောပြပါပေ၏။ တစ်ချိန်တစ်ခါက ဒီဇယ်ဆီရှားပါးပြီး ဝယ်မရရှာမရ ဖြစ်ခဲ့တဲ့ကာလရှိခဲ့သည်။ ထိုစဉ်အခါက "ရန်အောင်မန်း" ပါကင်ဒီဇယ်ကားတွေကို Compression Ratio ပြောင်းပြီး ဓာတ်ဆီမောင်းကားအဖြစ် မန္တလေးက စက်ဆရာတွေဖန်တီးခဲ့ကြတာ အမှတ်တရရှိဖူးပါတယ်" ဟု ဖြည့်စွက်ပေးပါ သည်။ ကျေးဇူးပါပဲ ကိုကျော်ရွှေ...။

* * *

တကယ်တော့ စက်ပစ္စည်းများနှင့် ကျွန်တော်က စိမ်းကားလှသည်။ အင်ဂျင်၊ ရေစုပ်စက်၊ ကွန်ပရက်ဆာ၊ ဒိုင်နမိုဆိုသည့် အမျိုးအစားတွေကို သဲကွဲအောင် အခုမှမနည်း ကြိုးစားနေရသည်။ ဒါတောင် မဖြစ်မနေ ထိုပစ္စည်းများနှင့် ယခုပတ်သက်နေရသောကြောင့် ဖြစ်၏။

ခြေကျင်းဝတ်လောက်အထိ ရေမြုပ်နေတတ်သော နေရာတစ်နေရာမှာ မြေတွေဖို့ပြီး နေအိမ်လေးတစ်လုံးဆောက်ဖို့ ကြံမွာဖန်လာ၏။ အိမ်ဝင်းနေရာက ရေတွေကို စုပ်ထုတ်ဖို့က စက်ပစ္စည်းကိရိယာ လိုလာသည်။ "ရေစုပ်စက်" တဲ့။ ထိုနေရာ မြေတွေဖို့ပြီးသော်လည်း ဖို့မြေတစ်ပေလောက် တူးလိုက်လျှင်ပင် ရေတစွက်စွက်ထွက်လာ၏။ ဒီလိုနေရာမှာ အဝီစိ ရေတွင်းတူးပြန်တော့ ပေ ၁၅၀ ကျော်မှ ရေတွေ့သည်။ ပေ ၁၅၀ ကျော်ကရေကို မြေပေါ် တင်ဖို့က "ကွန်ပရက်ဆာ" တဲ့။ အဲဒီ ကွန်ပရက်ဆာကိုမောင်းဖို့ လျှပ်စစ်မီးမရှိတော့ "အင်ဂျင်" တဲ့။ အင်ဂျင်နဲ့ကွန်ပရက်ဆာထိုင်ပြီးမှတော့ မီးကလေးထွန်းလို့ရအောင် "ဒိုင်နမို" ဆင်ပါလားတဲ့။ ရေကလေးတစ်ခွက်သောက်ရဖို့၊ ရေကလေး တစ်ဖလားသုံးရဖို့ မလွယ်လှ

mgyoe.com

ပါကလား။ အနီကွန်ပရက်ဆာတွေ၊ အင်ဂျင်တွေရှိပါမှ ရေတစ်ပွက်နှစ်ပွက် တက်လာတာ ခံယူလို့ရပေမည်။ ဝင်းထဲကရေတွေစုပ်တုန်းကပဲ ရေစုပ်စက်က နေ့တွက်ငွေ ၂၀၀၀ ကျပ် ပေးရလေတော့ အမြဲတမ်းထိုင်ထားမည့် ကွန်ပရက်ဆာတွေ အင်ဂျင်တွေအတွက်ဆိုလျှင် ဖြင့်...ဟူး...ဒီရေကိုပင် မမြင်ချင်တော့...။

ဒီကြားထဲ ညမှာ မီးကလေး လင်းလင်းချင်းချင်းရှိအောင် "ဒိုင်နမို" ဆိုသည့်ကိစ္စက ဝင်လာသည်။ တော်ပါပြီကွယ်။ ဖယောင်းတိုင်လေးနဲ့ပဲ လတ်တလော စခန်းသွားပါရစေ ဦးဟု သောက်နေကျ၊ သုံးနေကျထက် ရေကိုလျှော့သောက်၊ လျှော့သုံးကာ တားထားရ သေး၏။

သည်အခါမှပင် ရေကလေးတစ်ပေါက်၊ မီးကလေးတစ်ညှိအတွက် စက်ပစ္စည်း ၃,၄ မျိုးအကြောင်း သိရတော့သည်။

ဟုတ်တော့လည်း ဟုတ်၏။ မိဘဘိုးဘွားကလည်း လက်လုပ်လက်စား၊ ဘာစက်၊ ဘာကိရိယာမှလည်း မပိုင်ဆိုင်ဖူးခဲ့။ ပိုင်သောစက်ဆို၍ ခဲချွန်စက်နှင့် ညှပ်ပေါင်းစက်ဘီး အိုကြီးပဲရှိမှာပေါ့။ ထားတော့။

အခြေခံစက်ပစ္စည်းမျှလောက်ပင် လိပ်ပတ်လည်အောင် သိနိုင်သည့် စွမ်းရည်စွမ်းစ မရှိခဲ့သူ ကျွန်တော်သည် မော်တော်ကားအမျိုးအစားများနှင့် ပတ်သက်၍ ခွဲခြားသိမှုမရှိဘဲ (ဝါ) အချိန်ပေးလေ့လာမှုမရှိဘဲ ဆောင်းပါးတွင် ထည့်သွင်းရေးသား၍ လွဲချော်သောအခါ ကိုကျော်ရွှေတို့ကဲ့သို့ ရင်းနှီးပွင့်လင်းစွာ ထောက်ပြသူများအား လေးစားစွာ ကြိုဆိုပါ၏။ ဆိုခဲ့သလိုပါပဲ...။ ကျွန်တော်ကဲ့သို့ သာမန်မျှသာ မန္တလေးမှာ မွေးဖွားခဲ့သည်ဆိုရုံမျှ အချက်ဖြင့် မပြည့်မစုံရှိသူက မန္တလေးမျဉ်းဖြောင့်များကို ရေးသားနေခြင်းကား အတော် လိပ်ပြာမလုံဖွယ်ကိစ္စ ဖြစ်ပါသည်။ မန္တလေး၏ဈေးများ၊ လက်ဖက်ရည်ဆိုင်များ ထိုင်ကြည့် လျှင်ပင် မန္တလေးသားတစ်ယောက်က မန္တလေးနှင့်ပတ်သက်သည့် အချက်အလက်တွေကို ကျွန်တော့်ထက် တိကျပြည့်စုံ ခိုင်လုံဝေဆာစွာ ပြောပြနေသည်များကို တွေ့ကြရပေမည်။ ထို့ကြောင့် အကယ်တန္တု၊ ကျွန်တော်၏အမှတ်မှားမှု၊ ပေါ့လျော့မှုများကြောင့် "မန္တလေး မျဉ်းဖြောင့်" ဆောင်းပါးများပါ အချက်အလက်များ လွဲချော်မှု၊ လိုအပ်မပြည့်စုံမှုများ ရှိခဲ့ပါမူ အားမနာတမ်း ထောက်ပြဖြည့်စွက်ကြရန် ပန်ကြားလိုပါသည်။

တကယ်တော့ ကျွန်တော်တို့ ငယ်စဉ်ကတည်းက မနက်မိုးလင်း လက်ဖက်ရည်ဆိုင် ထိုင်၍ဖြစ်စေ သို့မဟုတ် ညချမ်းအချိန် လက်ဖက်ရည်ကြမ်းဝိုင်းများ၌ဖြစ်စေ (ထိုစဉ်က လက်ဖက်ရည်ကြမ်းဝိုင်းဆိုသည်မှာ အမှန်တကယ်ရှိခဲ့ကြပါသည်။ မန္တလေးသည် ဝင်းများ

 mgyoe.com 

ဖြင့်ဖွဲ့စည်းထားသည်မို့ အိမ်တွေမှာ ဝင်းထရံမရှိ၊ နယ်နိမိတ်မရှိ၊ ကျယ်ပြန့်သော နေရာ တစ်နေရာမှ ဘုံပိုင်ကွပ်ပျစ်၊ ခုတင်မှာ လက်ဖက်ရည်ကြမ်းတစ်အိုးဖြင့် ညနေစောင်းသည်နှင့် လူစုကြသည်။) မန္တလေးအကြောင်း၊ မန္တလေးကလူတွေအကြောင်း ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ခဲ့၏။ ဒါက ဒေသစွဲမဟုတ်၊ ပြောသင့်ပြောထိုက်လို့ ပြောကြခြင်းပဲဖြစ်သည်။ မန္တလေးအဖြစ်အပျက်၊ မန္တလေးကလူတွေ လုပ်ဆောင်ချက်က ဒေသသဘောထက် ကျယ်ပြန့်သွားကာ အမျိုးသားကိစ္စတစ်ရပ်ပမာ ဖြစ်သွားတာတွေ များလာတာကတော့ မတတ်နိုင်ဘူးပေါ့။ ထို့ကြောင့် မန္တလေးအကြောင်း၊ မန္တလေးက လူတွေအကြောင်း ပြောခြင်းက မြန်မာအကြောင်း၊ မြန်မာလူမျိုးအကြောင်း ပြောခြင်းသာမို့ ဒေသစွဲလို့ဖြင့် ကန့်သတ်လက်ညှိုးထိုးလို့မရ...။ ဒါက ဟိုစဉ်အခါ ကုန်လွန်လေပြီးသောအပိုင်း...။

ဟော သည်ကနေ့မှာတော့ ကျွန်တော်တို့စကားဝိုင်းတွေမှာ လက်ရှိမန္တလေးအကြောင်း၊ လက်ရှိမန္တလေးက လူတွေအကြောင်း ဖွယ်ဖွယ်ရာရာပြောစရာ သိပ်မရှိလှ။ ဆက်သွယ်ကူးလူးမှုက များပြားကျယ်ပြန့်လာတော့ မန္တလေးအကြောင်းက ရေးကြီးခွင်ကျယ်ပြောစရာ အချက်အလက် မရှိတော့တာလည်းပါမည်။ သို့မဟုတ် တိုးတက်ပြောင်းလဲလာသောခေတ်မှာ မန္တလေးက ချန်နေရစ်လို့လည်းဖြစ်မည်။ ထိုအခါ သည်ကနေ့ မန္တလေးအကြောင်း ပြောကြစို့ဆိုတော့ မောင်ရှင်လောင်းတုန်းက ရွှေထီးဆောင်းခဲ့သည့် အကြောင်းတွေပဲ ဖြစ်ကုန်ပါလေရော...။

သို့သော် သည်ကနေ့ မန္တလေးသား လူငယ်တော်တော်များများက ရွှေထီးဆောင်းခဲ့ဖူးသည်လည်းမသိ၊ သိဖို့လည်းမလိုအပ်၊ ထို့ထက်ဆိုးသည်က မသိခဲ့၍ တန်ဖိုးမထားသူ များများလာကာ မူးကိုမြစ်ထင်လာခြင်းက အရည်အသွေးနိမ့်ကျမှုဆီ ဦးတည်လာသောကြောင့် မျက်လုံးမျက်ဆန်ပြူးကာ ကျွန်တော်တို့နောက်ပြန်ဆွဲကြ၊ နောက်ကြောင်းလှန်ကြခြင်း ဖြစ်ပါသည်။

တစ်ချိန်က မန္တလေးမှာ နေ့စဉ်ထုတ်သတင်းစာတွေ အမြောက်အမြား ထွက်ခဲ့ဖူးတာ မသိ...။

တစ်ချိန်က စာအုပ်တိုက်ကြီးတွေ အပြိုင်းအရိုင်းပေါ်ပြီး စာအုပ်စာတမ်းတွေ ဦးဆောင်ထုတ်ဝေခဲ့တာ မသိ။

တစ်ချိန်က မြန်မာစာပေလောကကို ကိုင်လှုပ်ခဲ့သော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ ပလူပျံ ထုတ်ဝေခဲ့တာမသိ။

တစ်ချိန်က မြန်မာစာပေသမိုင်း၏ ထပ်ဆင့်စွမ်းအားမြင့် စာပေလှုပ်ရှားမှုကြီးတွေ

mgyoe.com

ရှိခဲ့ဖူးတာမသိ။

တစ်ချိန်က ယဉ်ကျေးမှု၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ အဓိကရ အချက်အချာဖြစ်ခဲ့ဖူးတာ မသိ။

သည်ကနေ့ မန္တလေးမှာရှိနေသည့် လူငယ်လေးတွေအဖို့ မန္တလေးဈေးပွဲတော် ဖက်ရှင်ရှိုးကိုပင် အံ့ဖွယ်ဖြစ်နေ၏။ ပရာဒိုစီး၊ CDMA မိုဘိုင်းဖုန်းသစ်ကိုင် ခါတော်မီ သူဌေးကိုပင် တအံ့တသြ ဖြစ်နေတော့သည်။ စဉ်းစားကြည့်တော့ ဒီကနေ့ သူဌေးဆိုသူတွေက ဘယ်နှနှစ်များ ခံကြလို့လဲ...။ လွန်ခဲ့သည့် ၁၀ နှစ်ကသူဌေးသည် လွန်ခဲ့သည့် ၈ နှစ်ကပင် သူဌေးမဟုတ်တော့၊ လွန်ခဲ့သည့် ၈ နှစ်ကသူဌေးသည် လွန်ခဲ့သည့် ၆ နှစ်က သူဌေးမဟုတ်တော့၊ လွန်ခဲ့သည့် ၆ နှစ်ကသူဌေးသည် လွန်ခဲ့သည့် ၄ နှစ်က သူဌေးမဟုတ်တော့၊ လွန်ခဲ့သည့် ၄ နှစ်ကသူဌေးသည် လွန်ခဲ့သည့် ၂ နှစ်ကသူဌေး မဟုတ်တော့...။ ထို့အတူ...။

ဤသို့ဖြင့် မန္တလေးက ခေတ်ပေါ်သူဌေးတွေ ပြောင်းလဲမှု မြန်ဆန်ခြင်းနှင့်အတူ သူဌေးဘွဲ့ထူး စွန့်လွှတ်သည့်အချိန်မှာပင် သူ့နာမည်က အဖတ်ဆည်မရတော့။ ထိုသို့သော ရေစီးကြောင်းမှာ မန္တလေးကလူတွေအကြောင်းကို နောက်ပေါက်လူငယ်တွေ အားကျစိတ်ဖြင့် အဘယ်မှာလျှင်ပင် တစိမ့်စိမ့် ပြောဆိုနေနိုင်ကြပါမည်နည်း။

ဟိုစဉ်ကာလတုန်းက မန္တလေးက သူဌေးဆိုသူတွေမှာ အခုလိုမဟုတ်...၊ ဘိုးစဉ်ဘောင်ဆက်... ဆွေစဉ်မျိုးဆက်... ဆွေကြီးမျိုးကြီးများဟု အသိအမှတ်ပြုခံရကာ မန္တလေးမွေး မန္တလေးကြီးပြင်းပြီး မိရိုးဖလာ လုပ်ငန်းဆောင်တာဖြင့် ကောင်းရောင်းကောင်းဝယ်ပြုကာ စားသုံးသူအကျိုး၊ မြို့လူထုအကျိုးဘက်က မားမားမတ်မတ်ရပ်တည်ပြီး သမ္မာအာဇီဝဖြင့် စုဆောင်းချွေတာ ချမ်းသာခဲ့ကြသူများပင် မဟုတ်ပါလား။ ရရှိခဲ့သမျှ ဓနဉစ္စာမှာလည်း လှူဖို့တန်းဖို့၊ ရပ်ရေးရွာရေးကြည့်ရှုဖို့ကို ဦးစားပေးပြီးမှ ကျန်ငွေဖြင့်သာ မိမိအဆောင်အယောင်အတွက် သုံးစွဲခဲ့ကြသည် မဟုတ်ပါလား။ ထို့ကြောင့် ထိုစဉ်ရှေးကာလ မန္တလေးသူဌေးဆိုသူတွေမှာ သမိုင်းတွင်အောင် နာမည်ပျက်မရှိ၊ မြို့ချစ်၊ ရွာချစ်၊ လူထုချစ် သူဌေးများသာဖြစ်၏။ ဒါကြောင့်လည်း ဒီကနေ့အထိ သူတို့နာမည်တွေ၊ သူတို့အလုပ်အကိုင်တွေကို တဖွဖွပြောကြ၊ ရေးသားကြဆဲပင်ဖြစ်၏။

ဘုရားကျောင်းကန် သာသနိကအဆောက်အအုံများ၏ လှူဒါန်းမှုအစုစု ကမ္ပည်းစာများကို သူတို့နာမည်နှင့် ယနေ့ထိ လူသာစုခေါ် နတ်သာစုခေါ် တည်ရှိနေဆဲဖြစ်ပါ၏။ အမျိုးမျိုးသော အကျိုးလိုလား၍ လှူဒါန်းခြင်းမျိုးမဟုတ်ဘဲ သဒ္ဓါစိတ်စစ်စစ်ဖြင့် လှူဒါန်းမှု

mgyee.com

ကြောင့် သန့်ရှင်းကြည်လင်သော ကမ္ဗည်းစာများကား ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သော်လည်း အရောင်မမှိန်ခဲ့။

* * *

မန္တလေးအကြောင်း ပြောကြစို့ဆိုတော့ မန္တလေးသူဌေးတွေအကြောင်း ကုန်သည်ပွဲစား မန္တလေးသား မန္တလေးသူကြီးတွေအကြောင်း ဒီကနေ့အထိ တဖွဖွပြောဖြစ်နေတာက မန္တလေး၏ ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုသာမက နိုင်ငံရေးသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုများတွင် ထိုမန္တလေးသား၊ မန္တလေးသူကြီးများ၏ အခန်းကဏ္ဍက ထိပ်ဆုံးမှချည်း ပါဝင်ခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

သည်လိုမန္တလေးသူ မန္တလေးသားကြီးတွေ အတော်များများက "ဝါးတန်း" မှာရှိပါသည်။ ဟော ကြည့် ... အခုပဲ ဝါးတန်းက သူဌေးဦးကျော်အကြောင်း ပြောဖြစ်ခဲ့ပြီမဟုတ်ပါလား။ ဦးကျော်ကို ဝါးတန်းဦးကျော်ဟု လူသိများသည်။ သူဌေးဂုဏ်ပုဒ်ဖြင့်တွဲကာ ရေးသားမှတ်သားလေ့ ကမ္ဗည်းတင်လေ့ရှိ၏။ "သူဌေး ဦးကျော်"။

မန္တလေးမှာက နာမည်ကျော် ဦးကျော် ၃ ဦးပင် ရှိ၏။ လက်ဖက်ဦးကျော်တဲ့၊ ဟသံပြဒါး ဦးကျော်တဲ့၊ ဝါးတန်းဦးကျော်တဲ့...။ လက်ဖက်ဦးကျော်က မြို့ပြင်ကြီးဇာတိ။ မြို့ပြင်ကြီးဆိုတာ မြစ်ငယ်တံတား အနောက်ဘက်မှာရှိသည်။ ဥယျာဉ်တော်ဟုလည်း ခေါ်ကြ၏။ ဖခင်မှာ မြို့ပြင်ကြီးရွာသား၊ လက်ဖက်ခြောက်ကုန်သည်ကြီး ဦးသက်ရှည်ဖြစ်သည်။ ဖခင်ဦးသက်ရှည်နှင့် သား လက်ဖက်ဦးကျော်တို့က မန္တလေးမြို့မှ နာမည်ကျော် မစိုးရိမ်ကျောင်းတိုက်ကြီး၏ ထူထဲလှသော တစ်ပြပတ်လည် အုတ်တံတိုင်းကြီး၊ အလယ်တိုက်ကျောင်းမကြီး၊ အရံကျောင်းကြီး ၁၆ ကျောင်း၊ နာရီစင်ကြီး၊ ဆွမ်းစားကျောင်းများ၊ မီးတင်းကုပ်များ၊ ကုဋီများ၊ အဝီစိစက်ရေတွင်းများ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ဒီလို လှူဒါန်းနိုင်အောင် ဒီသားအဖက ပစ္စည်းကို ပခုံးနဲ့လည်ရောင်းရာကစပြီး စီးပွားရှာခဲ့ကြခြင်းဖြစ်၏။ သားသမီးရှစ်ယောက်အနက် တတိယမြောက်သား။ ဖခင်က ဦးရွှန်း။ ဦးရွှန်း+ဒေါ်မိန်းကလေးက မွေးဖွားသော သားသမီးတွေမှာ မန္တလေး၏ ထိပ်သီးများချည်း ဖြစ်သည်။ ဇရပ်အမကြီး၏ ဒုတိယသားက ရေတွင်းဒကာကြီး သူဌေးဦးစိုးလေး၊ နောက်သားတစ်ယောက်က ဟသံပြဒါး ဦးကျော်၊ နောက်သားတစ်ယောက်က ဆီစက်ဦးသိန်း၊ သမီးတစ်ယောက်က ချစ်တီးတွေကြီးစိုးနေသော ထိုခေတ်က ရွှေပေါင်ခံအလုပ်ကို မျှတမှန်ကန်စွာ လုပ်ကိုင်ခဲ့၍ ပခုံးချင်းယှဉ် စီးပွားဖြစ်ခဲ့သော ဒေါ်ဇင်ဖြစ်၏။ မန္တလေးမှ

mgyoe.com

mgyoet.com

နာမည်ကျော်အနုပညာရှင်၊ မြို့မျက်နှာဖုံး ဝါးတန်းဦးသန့်မှာ ရေတွင်းဒကာကြီး ဦးစိုးလေး၏သားဖြစ်သည်။

ဝါးတန်းဦးကျော်ကလည်း မန္တလေးဇာတိ။ ဖခင်မှာ ဦးစာ၊ မိခင်မှာ ဒေါ်အေးရင်ဖြစ်သည်။ ဝါးတန်းဦးကျော်သည် စစ်ကိုင်းတောင် မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးဒကာဖြစ်ပြီး မဟာမုနိမြောက်စောင်းတန်း၊ အိမ်တော်ရာ မြောက်စောင်းတန်းနှင့် မဟူရာဇရပ်၊ မန္တလေးတောင်ရေစစ်ကန် ၂၁ လုံးအပါအဝင် အလှူအတန်းများစွာ လှူဒါန်းခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ အိမ်တော်ရာဘုရား အနောက်တောင်ထောင့်တွင် မဟူရာအုတ်ဇရပ်ကြီးတစ်ဆောင်လည်း လှူဒါန်းခဲ့သည်။ ၎င်းဇရပ်ကြီးတွင် သကျမုနိဘွဲ့ခံ ဉာဏ်တော် ၃ တောင် ၂မိုက်ရှိ မဟူရာရုပ်ပွားတော်ကြီးတစ်ဆူ ကိန်းဝပ်လျက်ရှိသည်။ ဘကြီးတော်လက်ထက်တွင် မဇ္ဈိမဒေသ မဟာဗောဓိပင်အရပ်မှ ပင့်ဆောင်တော်မူခဲ့ပြီး အင်းဝမြို့တော်တွင် တန်ဆောင်းဖြင့် ထားရှိကိုးကွယ်ခဲ့ရာမှ ရွှေဘိုမင်းလက်ထက် ရောက်သောအခါ အမရပူရဇောင်းကလေးကန်ဦး၊ လောကမဏိ စူဠာစေတီတော်သို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ မန္တလေးပျက်၍ ၁၂၄၉ ခုနှစ်ရောက်သောအခါ မိုးကောင်းတိုက်ဆရာတော်များနှင့် အုတ်ဝန်သံတော်ဆင့်ဦးဖိုးကြီးတို့က မန္တလေးအိမ်တော်ရာဘုရားသို့ ပင့်ဆောင်ခဲ့ကြသည့် ဆင်းတုတော်ကြီးဖြစ်ပါသည်။

ဝါးတန်းဦးကျော်၏ မဟူရာအုတ်ဇရပ်ကြီးတွင် နာမည်ကျော်ပန်းချီဆရာကြီး ဦးချစ်မြ၏ လက်ရာပန်းချီကားများအပြင် ဦးကျော်၏ ကောင်းမှုကုသိုလ်အစုစု သာသနိကအဆောက်အအုံများ၏ ပုံတူများကိုလည်း မှတ်တမ်းတင်ပန်းချီများ ရေးဆွဲချိတ်ဆွဲထားသည်ကိုလည်း တွေ့မြင်နိုင်ပါသေးသည်။ ဝါးတန်းဦးကျော်သည် ၁၉၅၁ ခုနှစ်တွင် ဖဆပလအမတ်အဖြစ် တစ်ကြိမ်၊ ၁၉၆၀ ခုနှစ်တွင် သန့်ရှင်းဖဆပလ အမတ်အဖြစ် တစ်ကြိမ်နှစ်ကြိမ်တိုင် အရွေးခံခဲ့ရသည်။

အလားတူ ရပ်ကွက်နာမည်နှင့်တွဲ၍ ယနေ့တိုင် မြို့မျက်နှာဖုံးအဖြစ် ထင်ရှားနေဆဲပုဂ္ဂိုလ်တစ်ဦးလည်း ဝါးတန်းတွင် ရှိပါသေးသည်။ ဝါးတန်းဦးအေးမောင် ဖြစ်ပါ၏။ ဝါးတန်းဦးအေးမောင်က ထီးတိုင်ဈေးအရှေ့ဘက်ရှိ ၂၉ လမ်းဘက် မျက်နှာလှည့်သောဝင်းအတွင်းရှိ တိုက်ကြီးတွင်နေထိုင်သည်။ သူ့ဝင်းရှေ့တွင် ပျံကျဈေးသည်တွေ အများအပြားရှိ၏။ ဈေးသည်များ၏ ချိုးရေ၊ သုံးရေ၊ သောက်ရေကို အိမ်ဝင်းထဲက ရေကန်ကြီးမှ လိုသလောက်သုံးနိုင်သည်။ အိမ်ဝင်းအရိပ်မှာ လိုသလိုခိုနားနိုင်သည်။ တစ်ခါတရံ စားစရာသောက်စရာများပင် ထွက်ပေးတတ်သေး၏။ ထို့ကြောင့် ဈေးသည်များကလည်း ရာသီပေါ်

mgyoet.com

mgyoe.com



သီးနှံများကအစ ထူးထူးဆန်းဆန်း စားစရာများကို ဘဘကြီး၊ မေမေကြီးဖို့ဆိုကာ ဦးအေးမောင်နှင့်ဇနီးဒေါ်လှမေအတွက် ပေးကြသည်။ နေ့စဉ် ဆေးသောက်ချိန်မေ့နေလျှင်ပင် ဈေးသည်များကလာ၍ ဆေးတိုက်ကြသည်ဆို၏။ ဝါးတန်းဦးအေးမောင်တိုက်မှာ မန္တလေးမြို့၏ နာမည်ကျော် ပန်းချီဆရာကြီးများ၏ ဆီဆေးပန်းချီကားကြီးများလည်း ရှိသည်။ ဝါးတန်းဦးအေးမောင်ကား မန္တလေးပိုက်ကျုံးရပ်ကွက်မှာ မွေးဖွားခဲ့သည်။ ဇနီးဒေါ်လှမေနှင့်အတူ ရေချိုလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်ရာမှ ရေချိုဦးအေးမောင်ဟုလည်း ထင်ရှားခဲ့သည်။

ဝါးတန်းဦးအေးမောင်သည် မန္တလေးမြို့၏ ကနဦးဖဆပလသမိုင်းတွင် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ မန္တလေးမြို့၏ နာမည်ကျော် မန္တလေးရုပ်ရှင်ကုမ္ပဏီ လီမိတက်တွင် အစုရှယ်ယာဝင်တစ်ဦးလည်း ဖြစ်သည်။ မန္တလေးမြို့မ တူရိယာအသင်းကြီး၏ နာယကတစ်ဦးလည်း ဖြစ်သည်။ မြို့မတူရိယာအသင်းကြီး၏ ရွှေရတုသဘင် ကာလကလည်း ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့သလို... ယခုနှစ်တွင် ကျင်းပခဲ့သော မြို့မစိန်ရတုသဘင်မှာလည်း နာယကကြီးအဖြစ် မားမားမတ်မတ်

mgyoe.com

ပါဝင်ဆောင်ရွက်ခဲ့ပါသေးသည်။

မန္တလေးတောင်ခြေ ဘိုးဘွားရိပ်သာကြီး ပေါ်ထွန်းရေးတွင် စာရေးဆရာကြီး လူထု ဦးလှနှင့်အတူ ဝါးတန်းဦးအေးမောင်သည် အားတက်သရော ပါဝင်ဆောင်ရွက်ခဲ့၏။ အလားတူ မန္တလေး ဆွံ့အနားမကြားကျောင်း တည်ထောင်ရေးတွင်လည်း ဦးဆောင်ခဲ့ပါသည်။

တကယ်တော့ ဝါးတန်းရပ်သည် မန္တလေးမြို့၏ ရွှာနေပြည်ထိုင် ဥစ္စာနေကြွယ်ဝသူများ နေထိုင်ခဲ့သလို ဘာသာရေး၊ သာသနာရေး၌လည်း နောက်မဆုတ်တမ်း ပါဝင်ခဲ့ကြသူများမို့ ၁၉၅၂ ခု၊ ပြည်ထောင်စုသင်္ကြန်ကို ဝန်ကြီးချုပ်ကိုယ်တိုင် မန္တလေးသို့ လာရောက်ရေကစားသောအခါ ဝါးတန်းရပ်နှင့် ဝန်ကြီးချုပ်မှာ စားအိမ်သောက်အိမ် ဖြစ်နေတော့သည်။ ပြည်ထောင်စုသင်္ကြန်ကြီး စည်ကားစေရေးအတွက် မန္တလေးမြူနီစီပယ်က မန္တလေး၏ ရပ်ကွက်အများစု၏ လမ်းဆုံလမ်းခွများတွင် ကျူးရေကန်များကို ချက်ချင်းတည်ဆောက်ပေးခဲ့၏။ ဝါးတန်းရပ်၊ ၈၅ လမ်း၊ ၂၉ လမ်းထောင့် ကျူးရေကန်တွင် ဝန်ကြီးချုပ် ရေကစားသည်။

မန္တလေးတစ်မြို့လုံး သင်္ကြန်တွင်း၌ ရေပြတ်လပ်မှုမရှိဘဲ ဖောဖောသီသီ ရေကစားနိုင်ရန် တစ်မြို့လုံးအတိုင်းအတာအရ စီစဉ်ထားခြင်းဖြစ်ပါသည်။ ထိုပြည်ထောင်စုသင်္ကြန်တွင် ဝါးတန်းရေပက်မဏ္ဍပ်က နာမည်ကြီးလှ၏။ ဝါးတန်းရေပက်မဏ္ဍပ် နာမည်ကြီးကာ ရေလုံးကြီးလှသောကြောင့် သင်္ကြန်ပျော်ကာလသားများက ဝါးတန်းမဏ္ဍပ်ရှေ့ရောက်လျှင်–

"ရေတွင်းစောင်းလို့ ခေါင်းပေါ်သွန်ဗျ
ရေတံခွန်တောင်ပါ ရွှေ့ခဲ့ကြဦး
ကားပါဆွဲလို့ ရေထဲစိမ်ဗျ
ကျေးဇူးကြိမ်ကြိမ် တင်လို့တင်လို့
မအေးတတ်လို့ ချွေးထပ်ယို

တေးထပ်ဆိုကာ လောင်းပြပါဦး ... ဟု သံချပ်များ ထိုးကြသည်ဟုဆို၏။ ရေရှားပါးသော မန္တလေးမြို့ကြီးတွင် ထူးကဲစွာစီစဉ်ပြီး ဖောဖောသီသီ ရေကစားကြသောသင်္ကြန်မို့ ထိုသို့သောထူးခြားမှု၏ ဝိသေသများအဖြစ် "ရေနည်းပါသေးတယ်၊ အားမရသေးပါဘူး" ဆိုသည့် သဘောသက်ရောက်သော သီချင်းများကိုလည်း ထိုနှစ်သင်္ကြန်မှာ ရေးစပ်ခဲ့ကြသည်ဟု ကြားဖူးပါသည်။

ကနဦး သီဆိုတီးမှုတ်ခဲ့ကြသော မြို့မတူရိယာအသင်း၏ 'ခေါ်ဦးရေသည်' အမည်ရှိ

 mgyoe.com 




သီချင်းတွင် စာသားများက သည်လို–

– “ရေကြည်ဥ ဆံနုမှာစီခြယ်
မြင်သူတိုင်း ငေးလောက်ပေတယ်၊
ပပဝတီ ရောဟဏီ ဘရဏီ
လူ့ပြည်မှာ စုတေသလား
(လူ့ပြည်မှာ စုလေသလား)
နှမများ အစ်မများတို့ရယ်
မူယာစုံလှတယ် လှဂုဏ်ကကြွယ်…။

– မြနန္ဒာ ရေညိုညို ရိပ်ကာသန်း
ရွှေမန်းတောင်ရိပ်ခို
တူတူခိုမယ်…၊ ပျိုဖြူတွေရယ်

mgyoe.com

ပျော်ခင်းလေးသာလှတယ်
အတိတ်ကောင်းယူမယ်
နှစ်ဦးသင်္ကြန်တော်ဝယ်...။
ပက်စမ်းပါခင်ရဲ့
ရွှဲချင်တိုင်းရွှဲပါစေကွယ်
ဘယ်သူဘယ်ဝါ ဘယ်လိုပက်ပက်
မြို့မကရယ်တယ်
ပက်ချင်တိုင်းလည်း ပက်လိုက်ကွယ်
ကိုယ့်ဘာသာကိုယ်ပက်တယ်
မြို့မကိုသက်လှယ်
ခေါ်အုံးရေသည် (သယ်)
(မြန်န္တာ...သင်္ကြန်တော်ဝယ်)

ဆရာငြိမ်းသီချင်းက ဝါးတန်းရေပက်မဏ္ဍပ်နှင့် အကိုက်ဖြစ်သည်။ ရေပက်နေကြသော ဝါးတန်းလှပျိုဖြူတွေကို "ဒီရေလောက်နဲ့ မဖြုံသေးပါဘူး၊ ရေသည်ခေါ်ပြီး ပက်ပါဦး" ဟု ရိသလိုလို...ကလိသလိုလို စာသားဖြစ်၏။

ထို့ကြောင့် သည်ကနေ့လူကြီးသူမတွေ ငယ်မူငယ်သွေး စားမြုံ့ပြန်ပြောကြ၍ ပြည်ထောင်စုသင်္ကြန်အကြောင်း တစ်ခုတ်တရ ပြောဖြစ်ပြီဆိုလျှင် ဝါးတန်းရေပက်မဏ္ဍပ် အကြောင်းက မပါမဖြစ်...။

* * *

ဝါးတန်းကျုံးရေကန်က ၂၉ လမ်းနှင့် ၈၅ လမ်းထောင့်မှာရှိသည်။ ဦးကာက-ဒေါ်စိန်၏ မူလလက်ဖက်ခြောက်ဆိုင်နှင့် မျက်နှာချင်းဆိုင်မှာ ရှိပါသည်။ ရေကန်လေး နောက်ကျောလမ်းထောင့်၌ ကောင်းမြင့်စာပုံနှိပ်တိုက် ရှိခဲ့ဖူးပါ၏။ "ကောင်းမြင့်" သည် မန္တလေး၏ လက်ဟောင်းစာပုံနှိပ်တိုက်များတွင် တစ်တိုက်အပါအဝင် ဖြစ်ပါသည်။ ကောင်းမြင့်ပုံနှိပ်တိုက်ဟု ပြောလိုက်တော့ ထိုစဉ်က ကောင်းမြင့်ပုံနှိပ်တိုက်ရှေ့မှ အမှိုက်ခြင်း တောင်းကြီးကို ပြေးမြင်မိပါသည်။ ပုံနှိပ်တိုက်ရှေ့က အမှိုက်ခြင်းတောင်းထဲမှာ စက္ကူအတို အစများ ရှိပါ၏။ ဖြတ်စများဆိုပါစို့။ သည်တုန်းက ချက်ချင်းလက်ငင်း ပြန်လည်အသုံးပြုရန် အတော်အသင့် အရွယ်အစားရှိသော ဖြတ်စများကလွဲ၍ ကျန်အတိုအစတွေက အမှိုက်

mgyee.com

တောင်းထဲသို့ပဲ ရောက်ရှိပါသည်။ အခုလို ပြန်ကျိုစက္ကူမှ မရှိသေးတာ…။

ထိုခြင်းတောင်းထဲတွင် စက္ကူဖြတ်စများအပြင် ပုံနှိပ်မင်ဘူးခွံများလည်း ရှိပါ၏။ မင်ဘူးတွေက နိုင်ငံခြားဖြစ် အကောင်းစားမင်ဘူးတွေဖြစ်သည်။ ဘယ်နိုင်ငံကဆိုတာတော့ မမှတ်မိ။ အနည်းဆုံး ဂျပန်တော့ဖြစ်မှာပေါ့။ ထို့ထက်ပိုလျှင် အနောက်ဥရောပ နိုင်ငံတွေဆီကဖြစ်မှာပေါ့။ အမှိုက်ခြင်းတောင်းထဲပစ်သော မင်ဘူးခွံဆိုပေမင့် မင်လက်ကျန်က ဘူးထဲတွင် အနည်းဆုံး လက်တစ်ဆစ်နည်းပါးခန့် ရှိပါဦးမည်။ မင်ဘူးတွေ တန်ဖိုးနည်းကာ ပေါများလှသည့် လက္ခဏာဖြစ်သည်။

ကျွန်တော်ငယ်စဉ်က ပန်းချီဆွဲတာ အတော်ဝါသနာပါသည်။ အကွက်ချပြီး ဝင်းဦးပုံ၊ ခင်သန်းနုပုံကို ခဲပန်းချီနှင့်ဆွဲသော ဝါသနာပါခြင်းမျိုးလောက်ဖြင့် မတင်းတိမ်။ ဖိုက်ဘာပြား သို့မဟုတ် ကင်းဗတ်စပေါ်မှာ ဆီဆေးဖြင့် ရှုခင်းပုံ သို့မဟုတ် နိုပါတ်တော်ပုံတွေကိုသာ ဆွဲချင်သည့် ဝါသနာပါခြင်းမျိုးဖြစ်၏။ ဆေးစပ်ပြားပေါ်မှာ ဆီဆေးလေးညှစ်တင်ကာ စုတ်ဖျားလေးဖြင့်တို့ကာ အရောင်တွေစပ်ယူပြီး ကင်းဗတ်ပေါ်ထိ ပွတ်ချင်နေသည်။ ရုံးတော်ကြီး ကြယ်သုံးလုံးစတိုးက တရုတ်ပြည်ဖြစ် ဝါတာကာလာ တစ်ဘူးတော့ ဝယ်ထားသည်။ သို့သော် ဆီဆေးဆိုတာကို ဆွဲချင်သည်။ ထပ်မံ "သို့သော်" ပါဦးမည်။ သို့သော် ဆီဆေးဆိုတာ ဘယ်လိုဟာမျိုးမှန်းမသိ။ မမြင်ဖူး။ ဈေးချိုအောက်လိုင်း ကုန်မာဆိုင်က ဝယ်ရသော သဘော်ဆေးလို မဟုတ်တာတော့ သေချာသည်။ သင်ဆရာ မရှိ၊ မြင်ဆရာ မရှိ၊ အိမ်တော်ရာအရှေ့မုခ်အထွက် မြောက်ဘက်ဘားက ပန်းချီကံညွန့်လေး နိုပါတ်ပန်းချီကားတွေ ဆွဲနေတာကြည့်တော့… သွပ်ပြားပေါ်သူဆွဲနေသော ဆေးတွေမှာ ပုံနှိပ်မင်ဘူးလွတ်တွေနဲ့ ထည့်ထားသည်။ ဒါဆို ဆီဆေးဆိုတာ ပုံနှိပ်မင်တွေလို နေမှာလို့ပဲ မှတ်လိုက်၏ ။

ထို့ကြောင့် ညဈေးတန်းသွားလေတိုင်း ဝါးတန်းထိပ် ကောင်းမြင့်ပုံနှိပ်တိုက်ရှေ့ အမှိုက်ခြင်းကြီးထဲက ပုံနှိပ်မင်ဘူးခွံတွေမြင်လေတိုင်း ရင်ထဲက ယားကျိကျိဖြစ်နေတော့သည်။ တစ်ရက်တော့ မရှက်မကြောက်နိုင်တော့ဘဲ အမှိုက်ခြင်းကြီးထဲက မင်ဘူးခွံတွေ မွေနှောက်ကာ အိမ်သို့သယ်လာတော့၏။ ဆိုခဲ့ပြီးသည့်အတိုင်း ရွှေဝါရောင်ဘူးခွံတွေမှာ မင်လက်ကျန်က လက်တစ်ဆစ် မကတော့…။

ဒီ မင်လက်ကျန်တွေကို ပုလင်းလွတ်တွေထဲ ထည့်သည်။ ဝါ၊ နီ၊ ပြာ၊ နက်ရောင်စုံ…။ ထိုပုံနှိပ်မင်များကို ဓာတ်ဆီနှင့်ရောကာ ပန်းချီကားတွေ ဆွဲဖြစ်တော့သည်။ အများဆုံး ရေးဆွဲဖြစ်တာက အလှူဖိတ်စာမျက်နှာဖုံးမှ ပန်းချီဦးအောင်ချစ်၏ "ရာဟုလာ

mgyoe.com

အမွေတောင်းခန်း" ပန်းချီကားကိုကူးကာ ရေးဆွဲခြင်းဖြစ်ပေသည်။ ပြီးတော့ ကျုံးပြာသာဒ်ပုံ၊ နန်းတော်ပုံပဲပေါ့။ နောက် တစ်ဖက်ချောဂျပ်မှာ ဒီဇိုင်းရေး...၊ ဘရိတ်ဓားဖြင့်လှီးကာ စွပ်ကျယ်များပေါ် ပုံနှိပ်မင်ဖြင့် တံဆိပ်တွေရိုက်ဝတ်ကြသည်။ တစ်ဖက်ကမြား၊ တစ်ဖက်က သံလွင်ခက်ကိုဆုပ်ကိုင်ထားသည့် သိန်းငှက်ပုံ...။ ထို့နောက် Love is Eternal ဆိုသည့် စာတန်း...။

တကယ်တော့ ဆီဆေးတောင့်ကို ၁၉၇၅–၇၆ လောက်မှ မြင်ဖူးတော့သည်။ ၂၆ ဘီလမ်း ငှက်နီလက်ဖက်ခြောက်တိုက်မှ ပန်းချီဆရာကြီးဦးလှဘော်က သူ့တိုက်တွင် ပန်းချီပစ္စည်းတွေရောင်းသော ဆိုင်လေးတစ်ဆိုင် ဖွင့်လှစ်လိုက်သောကြောင့်ဖြစ်၏။ ဆောင်းဒါး ပုံဆွဲစက္ကူတွေ၊ ဆေးစပ်ပြားတွေ၊ ပုံဆွဲခဲတံ၊ ပီလီကင် ပုံဆွဲမင်၊ ဝင်ဆာ စုတ်တံနှင့် ဆီဆေးတောင့်တွေ...။ ဆီဆေးအဖြူတစ်တောင့်က ၈ ကျပ်ပဲထင်သည်။ ထိုအခါမှ ဆီဆေးတောင့်တွေဝယ်ပြီး လက်တည့်စမ်းရတော့၏။ ထိုအခါ ၁၉၇၇ ခု၊ အောက်တိုဘာ ၁၀ ရက်မှ ၁၅ ရက်အထိ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကျောင်းသား နားနေဆောင်မှာ ပြသသည့် "မန်းတက္ကသိုလ် ပန်းချီ၊ ပန်းပုပြပွဲ သတ္တမအကြိမ် ၁၉၇၇" တွင် ဆီဆေးကား သုံးကား ပြသနိုင်ခဲ့ပါသည်။ သည့်အရင်ပြပွဲတုန်းက ဆီဆေးဆိုတာ မသိသေးလို့ ဝါးတန်း ကောင်းမြင့်ပုံနှိပ်တိုက်မှ ပုံနှိပ်မင်တွေနှင့် ရေးဆွဲတင်ပြခဲ့တာပေါ့။ အဲဒီတုန်းကလည်း သုံးကား...။

ဝါးတန်းကောင်းမြင့်ပုံနှိပ်တိုက်ရှေ့ အမှိုက်ခြင်းက ပုံနှိပ်လောက၏ ဒီရေ အနိမ့် အမြင့်ကို ပြောပြနေ၏။ အရင်က စက္ကူဖြတ်စတွေနိုင်းချင်း၊ နိုင်ငံခြားပုံနှိပ်မင်ဘူးတွေ ပရပွနှင့် အမှိုက်ခြင်းမှာ နောက်တော့ စက်ဆီတွေစွန်း၊ မင်တွေစွန်းနေသည့် သုံးမရတော့ သည့် စက္ကူစုတ်တချို့ပဲ တွေ့ရ၏။ ပုံနှိပ်မင်ဘူးများတွင် တစ်ခါတစ်ရံမှသာ ဒန်ဘူးခွံဖြင့် အင်တွဲနံ့ ထောင်းထောင်းထနေသည့် ပြည်တွင်းဖြစ် မင်ဘူးတချို့သာ တွေ့ရတော့သည်။ နောက်တော့ လုံးလုံး...။ စက္ကူတွေရှား...၊ နိုင်ငံခြားမင်ဘူးတွေ မဝင်တော့ပါလား...။

၀

mgyoe.com

mgyoe.com



# ခမ်းခမ်းနားနား ဝါးတန်း

သန်းခေါင်ကျော်ပြီး နာရီပြန် ၂ ချက်လောက်စွန်းကတည်းက ၈၄ လမ်းမကြီးပေါ်တွင် အပြိုင်အဆိုင် မောင်းနှင်ကြသည့် မော်တော်ကားသံတွေ ဆူညံလာသည်။ မောင်းနှင်လာကြပုံက ကားတစ်စီးနှင့်တစ်စီး အနိုင်မခံ အရှုံးမပေး နှာတစ်ဖျားမျှပင် အသာမခံနိုင်ဘဲ ပြိုင်ပွဲတစ်ခုအတွက် ပန်းဝင်ခါနီး အမောတကောပုံစံမျိုးချည်း ဖြစ်ပါသည်။ ကားစက်သံ တဒီးဒီး၊ တဝုန်းဝုန်း သာမက ကားပေါ်မှ လူသံသူသံတွေကလည်း ဆူညံ။

အကဲဆုံးက စပယ်ယာအသံဖြစ်၏။

“နင်းထား”၊ “မောင်းထား”၊ “နောက်ကားပါတယ်” ဟူသော အသံက လည်း ထူးကဲဆူညံစွာ။

ကားပေါ်မှာက လူတွေပြည့်ကျပ်၊ ခေါင်မိုးပေါ်မှာလည်း လူရော၊ တောင်းရော၊ အထုပ်အပိုးရော။ တက်ခုံပေါ်မှာလည်း တွဲလောင်းခို၊ တချို့က ခေါင်းပေါ်မှာပင် အထုပ်အပိုးနှင့်။ အထုပ်အပိုးအတွက် ချစရာနေရာလည်း

mgyoe.com

ရှိပုံမပေါ်၊ သည်ကားတွေအားလုံး ၈၄ လမ်းမကြီးအတိုင်း တောင်မှသည်မြောက်ဆီသို့ အပြင်းမောင်းလာကြခြင်းဖြစ်၏။

၈၄ လမ်းနှင့် ၂၉ လမ်းထိပ်ရောက်တော့ အလုအယက်ရပ်၊ အလုအယက်ဆင်းကြမည်။ ကားတစ်စီး ဆိုက်လာလေတိုင်း ချယ်ဂါရီတွန်းလှည်းတွေ တရျောင်းရျောင်းဆွဲလာကာ ဝိုင်းအုံကြပါလေရော။ ကားပေါ်က အထုပ်အပိုး၊ တောင်းပလုံးတွေ ချယ်ဂါရီပေါ် အလုအယက်ဆွဲတင်ကြ၊ တချို့ကလည်း လူချည်းသက်သက်လာကာ ပခုံးပေါ်ဆွဲတင်ဆွဲချကြ။

ထိုကားတွေအားလုံး ဈေးကားများ ဖြစ်ကြပါ၏။ မနက်ဈေးအမီ အပြေးအလွှားလာရောက်ကြသော ဈေးသည်များဖြစ်ပါ၏။ ဈေးသည်များချည်းတော့မဟုတ်၊ ဈေးဝယ်များလည်း ပါမှာပေါ့။ သို့သော် ထိုဈေးဝယ်များကလည်း ဈေးသည်ပဲ မဟုတ်ပါလား။ သည်ကနေ လက္ကားဈေးဝယ်ပြီး မြို့သစ်မှာ လက်လီပြန်ရောင်းမည့် ဈေးသည်များဖြစ်သည်။ ထိုအချိန်တွင် ၂၉ လမ်းတစ်လျှောက်၊ ၈၅ လမ်း ဝါးတန်းတစ်လျှောက်တွင် ဖယောင်းတိုင်မီးလေးတွေ တလက်လက်ဖြင့် ဟင်းသီးဟင်းရွက်ဈေးက စည်ကားနေပါပြီ။ မြစ်သားက၊ ကျောက်ဆည်က၊ စဥ့်ကိုင်က၊ ပုလိပ်က၊ ပြင်ဦးလွင်က၊ ပုသိမ်ကြီးက၊ အရှေ့တောက၊ မတ္တရာက၊ စစ်ကိုင်းက၊ အနောက်ဘက်ကျွန်းက စသည်ဖြင့် ဟင်းသီးဟင်းရွက်နှင့် ပန်းမျိုးစုံလက္ကားသည်တွေ ဝါးတန်းတစ်လျှောက် စုပုံခင်းကျင်းပြီး မန္တလေးဈေးအသီးသီးနှင့် ရပ်ကွက်အသီးသီးက လက်လီသမားတွေ ဝယ်ကြသည်။ ခေါင်းရွက်ဗျပ်ထိုးသမားတွေ ဝယ်ကြသည်။

ဤသို့ဖြင့် ဝါးတန်းတစ်လျှောက် သန်းခေါင်ကျော်ကတည်းက ဈေးတန်းကြီးဖြစ်နေသည်မှာ နေထန်းတစ်ဖျားလောက်ရောက်မှ ဈေးကွဲတော့၏။ ဒါတောင် လက်လီဈေးသည်တချို့ ကပ်ရပ်ကာ တစ်နေကုန်ရောင်းချနေသေးလို့ ညနေဈေးအထိ ဆက်သွားတော့၏။ အရင်ကတော့ အခုလိုဟင်းသီးဟင်းရွက် လက္ကားဈေးက ရွှေတချောင်း အနောက်ဘက် ၈၆ လမ်းပေါ်မှာဖြစ်သည်။ ၈၆ လမ်းပေါ်မှာက အခုလိုပွဲကျများအတွက် နေရာမရှိတော့လောက်အောင် အမြဲတမ်းဈေးဆိုင်တွေချည်း ဖြစ်သွားတော့ ပွဲကျတန်းက ဝါးတန်းမှာရောက်လာတော့၏။ ထို့ကြောင့် မနက်မိုးမလင်းမီမှာပင် ဝါးတန်းလမ်းက တိုးမပေါက်တော့။

အရင်ကတော့ ၂၉ လမ်း ဝါးတန်းမှာက တောင်ပေါ်တက်သော အဝေးပြေးကားသင်းကြီးတွေရှိသည်။ အင်းဝနို့ချဉ်ဆိုင်အနားမှာ အမရပူရ–မန္တလေး ပြေးဆွဲသော အမှတ်

mgyne.com

၈ ဘတ်စ်ကားဂိတ်ရှိသည်။ ခပ်ဝေးဝေးနှစ်တွေတုန်းဆီက စစ်ကိုင်းသို့ ပြေးဆွဲသော ဇေယျာ–မန်း ကားသင်းရှိခဲ့ဖူးသည်။ ဤသို့သော ဘတ်စ်ကားတွေ၊ လိုင်းကားတွေပဲ ဝါးတန်းလမ်းမှာ နေရာယူထားကြ၏။ အနောက်ဘက် ၈၅ လမ်း ဝါးတန်းမှာတော့ အမှတ် ၇ ကားဝါလိုင်းပြေးဆွဲတာပဲရှိမည်။ ဩော်...ရှိသေး၏။ မန္တလေးမှာ အမှတ် ၁၁ ဘတ်စ်ကားလိုင်းဆိုတာ အသစ်ပေါ်လာတော့ ဂိတ်အစက ၈၅ လမ်း အနောက် ဘက်ထီးတိုင်ဈေး အနောက်ပေါက်မှာ ဖြစ်ပါ၏။

ထီးတိုင်ဈေးကတော့ ရွှေတချောင်းမြောင်း အရှေ့ဘက်မှာရှိပါသည်။ အရင်ကတော့ သူ့နာမည်နဲ့ပီသစွာ ထီးတိုင်လေးတွေမိုးထားသည့် ယာယီဈေးဖြစ်ပေမည်။ သွပ်မိုးအုတ်ခုံနှင့် အမြဲတမ်းဈေးရုံကြီးအဖြစ် လွန်ခဲ့သောနှစ် ၃၀ ကျော် ၄၀ လောက်ကတည်းက ရှိခဲ့၏။ ထိုဈေးရုံကြီး၏ မြောက်ဘက်မှာ ပွဲရုံတန်းတွေရှိသည်။ ပွဲရုံတန်းတွေ မြောက်ဘက် ၂၈ လမ်းအထွက်မှာ အများသုံးအိမ်သာရှိသည်။ ပွဲရုံတန်းတွေက အရှေ့ဘက် ၈၅ လမ်းဆီထွက်သောလမ်းကြားက နာမည်ကျော် ပန်းတန်း...။ သည်မှာ ပြင်ဦးလွင် နှင်းဆီခြံက၊ ဒေါနခြံကထွက်သော ပန်းအမျိုးမျိုးရောင်းချသည်။ စက်ဘီးနှစ်စီးပင် ကျပ်ကျပ်တည်းတည်း တွန်းသွားရသည့် လမ်းကြားလေးမှာ မိုးရွာလျှင် ရွှံ့ဗွက်တွေ ခြေမျက်စိမြုပ်မတတ်...။ သို့သော် တစ်ဖက်တစ်ချက်က ပန်းသည်တွေဆီမှ သစ္စာပန်း စိမ်းရွှေရွှေရနံ့၊ ဒေါနပန်း၏ ခပ်စူးစူးရနံ့၊ ဇွန် စပယ် မြတ်လေးပန်းတို့၏ ခပ်သင်းသင်းရနံ့တို့ဖြင့် ကြိုင်လှောင်နေ၏။

သည်ပန်းတန်းကြားလေးထဲ ဖြတ်သွားတိုင်း ငယ်မူငယ်သွေး အိမ်လွမ်းဝေဒနာလေး တနင့်နင့် ခံစားရသေးတာပေါ့။

ပြောပါပြီကော...၊ မွေးဇာတိ ဒေါင်းရိုးစိုင်ပြွန် မင်းသားကြီးဝင်းမှာပါ။ မနက်လင်းတော့ အဖေ သို့မဟုတ် အစ်မတွေနှင့် ဈေးဝယ်လိုက်သည်။ ဈေးဝယ်တာက ထီးတိုင်ဈေး၊ ထီးတိုင်ဈေး အလွင်တို့မုန့်တီဆိုင်မှာ မုန့်တီစားပြီး ပန်းတန်းဘက်ဖြတ်သည်။ လူပျိုပေါက်ကြီးလာတော့ ထီးတိုင်ဈေးကို ငယ်ငယ်ကထက် ပိုလို့ပင်ရောက်ပြန်သေး၏။ ညီအစ်မနှစ်ယောက် ကျောချင်းကပ်ပြီး တစ်ဆိုင်စီရောင်းသော အလွင်တို့မုန့်တီဆိုင်မှာ မုန့်တီစားပြီး ပန်းတန်းဘက်ဖြတ်တာပဲပေါ့။ နက်မှောင်ကျော့ရှင်းကာ တံကောက်ကွေးလောက်အထိရှည်လျားပြီး ခေါင်းလျှော်ပြီးစ တရော်ကင်ပွန်းနံ့လေး သင်းနေသည့်ဆံပင်မှာ စံပယ်ပန်းကလေးတစ်ကုံး တွဲရရွဲခိုပန်ကာ ညီညာညက်ညောသည့် သည်ပါးကွက်ကျား၊ ရင်ဖုံးလက်ပြတ်အင်္ကျီလေး တစ်တစ်ရစ်ရစ်ဝတ်ထားသည့် ပန်းသည်မလေးဆီ အခစားဝင်ဖို့ပဲဆိုပါစို့။

mgyoe.com

တရော်ကင်ပွန်းရနံ့လေးစွက်သော စံပယ်ပန်းရနံ့လေး၊ ဇွန်ပန်းပွင့်လေးတွေ တစ်ပွင့်ချင်းကို ဆန်ခါခုံးလေးထဲ ခပ်ဖြည်းဖြည်းကောက်ထည့်ရင်း အာရုံခံကာ ရှူရှိုက်ရသည့် သနပ်ခါး ရနံ့သင်းသင်းကလေး...။ သည်ရနံ့လေးတွေက စိတ်လှုပ်ရှားလွယ် လူပျိုပေါက်ဘဝ၏ အမှတ်တရလေးတွေပဲ ဖြစ်ပါလိမ့်မည်။ ထိုနံရောအခါ အိမ်ဘုရားစင်မှာ ဇွန်ပန်းကုံး၊ စံပယ်ပန်းကုံးလေးတွေ မပြတ်တော့။ "မိုးမိုး" ကလေ၊ "မိုးမိုး" ကလေဟု သူ့နာမည်လေး ဖော်ကာ ပြောဆိုတတ်သော စကားသံလေးတွေ ကြားယောင်မိသေးတော့။ အခုတော့ဖြင့် ပန်းသည်မလေး မိုးမိုး၏ သမီးလေးတွေရော...ပန်းရောင်းနေကြဦးမှာပဲလေ။

အရင်က ပန်းတန်းကြားလေးထဲမှာပဲ ပန်းသည်တွေ အပြည့်အကျပ်ရှိကာ ၈၅ လမ်းပေါ်မှာ ကစ်သည်စ နှစ်သည်စရှိသော်လည်း အခုတော့ ပန်းတန်းထိပ် ၈၅ လမ်းပေါ် မှာ လမ်းတစ်ဖက်တစ်ချက် ပန်းသည်တွေ ပြည့်သိပ်နေပါ၏။ ၈၅ လမ်း၏ မြောက်ဘက် ခြမ်းမှာက ပန်းသည်တွေ၊ တောင်ဘက်ခြမ်းမှာက ကုန်စိမ်းသည်၊ ရာသီပေါ်သီးနှံသည်၊ လူသုံးပစ္စည်း အတိုအထွာသည်၊ လေဘေးအကျီသည်...။ ၈၅ လမ်းတစ်လျှောက် လူနေ တိုက်ကြီးတွေကလည်း အခုတော့ ကုန်လှောင်ရုံကြီးတွေ၊ ဈေးဆိုင်ကြီးတွေ၊ ပွဲရုံကြီးတွေ



mgyoe.com

ဖြစ်ကုန်၏။ အရင်ကတော့ ဝါးတန်းသည် တိုက်သံတံခါးကို အာမခံသော့ခတ်ကာ စိန်နားကပ် တဝင်းဝင်းဖြင့် အေးအေးသက်သာ နေကြသူများဖြစ်၏။

၈၅ လမ်းပေါ်မှာ နာမည်ကျော် "ရီရှင်း" မုန့်စုံ ဖြန့်ချိရေးတည်ရှိပါသည်။ ဘီစကွတ်၊ မုန့်ကြွပ် စသည့်မုန့်မျိုးစုံကို ထုပ်ပိုးကာ အနယ်နယ်သို့ ဖြန့်ချိပေးသည်။ မန္တလေးမှာမုန့်စုံ လုပ်၊ မုန့်ကြီးကြီးမားမား လုပ်ကိုင်ထုတ်လုပ်လျှင် ရီရှင်းနှင့် ကင်းလို့မရကြ။

လွန်ခဲ့သော ဆယ်စုနှစ် တစ်စုကျော်ကာလဆီက မန္တလေးမှာ ဘီစကွတ်စီးပွားရေး အပြိုင်အရိုင်း ပေါ်ထွက်ခဲ့ဖူးသည်။ မန္တလေးသည် တစ်မုဟုတ်ချင်း ဘီစကွတ်မြို့ကြီး ဖြစ်သွားတော့သည်။ တီဗွီကြော်ငြာတွေမှာ ဘီစကွတ်တွေ အပြိုင်အဆိုင် ကြေညာကြသည်။ ဘီစကွတ်လုပ်ငန်းရှင်တို့...မင်းသမီးကိုယ်စီဖြင့် ငွေပုံအောကာ ကြော်ငြာကိစ္စ လုံးပမ်းကြ၏။ ကျုံးထောင့်ရေပေါ်ဟိုတယ်၏ ကာရာအိုကေစင်မြင့်တွင် ဘီစကွတ်လုပ်ငန်းရှင်များ၏ ပန်းကုံးတွေ၊ သရဖူတွေပဲ ပလူပျံခဲ့သည်။

ထိုစဉ်က မှိုတစ်ကျင်းလို အပြိုင်အရိုင်းပေါ်ခဲ့ကြသည့် ဘီစကွတ်တံဆိပ်တွေ၊ ကြော်ငြာတွေထဲက ဒီကနေ့ ဘယ်နှစ်ခုကျန်ခဲ့ပါလေသလဲ။ သို့သော် ထိုစဉ်ကတည်းက မုန့်မျိုးစုံ ဖြန့်ချိရေးလုပ်ခဲ့သော ရီရှင်းသည် သည်ကနေ့အထိ အားကောင်းမောင်းသန်ရုံမက တိုးချဲ့ကာ လုပ်ငန်းအရှိန်ကောင်းဆဲ မဟုတ်ပါလော။ ထုတ်လုပ်သူနှင့် ဖြန့်ချိသူ၏ အဓိက နှင့်သာမည၊ ဈေးကွက်ချုပ်ကိုင်မှု၊ ခြယ်လှယ်မှု ဘောဂဗေဒကား မျက်စိလည်စရာ။ စက်ရုံ ပိုင်ရှင်သည် ကိုယ်စားလှယ်ကိုဖြတ်သန်းပြီးမှ စားသုံးသူနှင့် တွေ့ထိရတော့သည်။

လူသုံးကုန်နှင့် ကုန်ခြောက်လက္ကားက ထီးတိုင်ဈေးမှာ အများဆုံးရှိသည်။ ထီးတိုင် ဈေးသည် ဈေးချို၏ အချက်အချာကျသော မောင်းနှင်အားလည်းဖြစ်၏။ လွန်ခဲ့သော ၂ နှစ်က ထီးတိုင်ဈေး ဈေးရုံ မီးဘေးသင့်သည်။ လူသုံးကုန်ပစ္စည်း အများဆုံးရောင်းချ သိုလှောင်ရာရုံမို့ ရွှေတချောင်းသည် နှစ်ပြသုံးပြအထိ ဆပ်ပြာမှုန့်နံ့တသင်းသင်းဖြင့် ဆပ်ပြာ မြှုပ်တွေ ဖွေးသွားသည်။ ထီးတိုင်ဈေးနှင့်ကပ်လျက် ဝါးတန်းရပ်က တိုက်ကြီးတာကြီး အနည်းအကျဉ်းလည်း မီးသင့်၏။ သို့သော် မန္တလေးထုံးစံအရ သံဃာအား၊ မီးသတ် အားဖြင့် နိုင်နင်းငြိမ်းသတ်နိုင်သည်။ မကြာပါချေ။ ထီးတိုင်ဈေးသည် ကွန်ကရစ်အာရုံ စီဈေးရုံသစ်ကြီးအဖြစ် ရုတ်ခြည်း အသွင်ပြောင်းနိုင်ခဲ့ပေ၏။

အခုလို တန်ဆောင်မုန်းလဆန်းပြီဆိုလျှင် ထီးတိုင်ဈေးတစ်ဝိုက်၊ ဝါးတန်းတစ်ဝိုက် ကထိန်များကား အမှတ်တရဖြစ်ဖွယ် စည်ကားလှပါသည်။ ထီးတိုင်ဈေးက နေ့ပွဲကထိန် ဖြစ်ပါသည်။ သံဖြူတန်းကြီး၊ သံဖြူတန်းလေး၊ ကိုင်းတန်းဈေး၊ ဒေါင်းရိုးနှင့် ဝါးတန်း

mgyoe.com

mgyoe.com




ကထိန်က ညမှာပျော်ပွဲရွှင်ပွဲများဖြင့် ခင်းကျင်းကြပါသည်။ အထူးသဖြင့် ဝါးတန်းကထိန်က အစည်ကားဆုံးဖြစ်သည်။ ယခုဆိုလျှင် ဝါးတန်းကထိန်သည် အကြိမ်ရာပြည့်ကျော် ခင်းကျင်းပြီးဖြစ်၏။ ယခင်က ဝါးတန်းကထိန်တွင် တောင်ဘက်လမ်း ၃၀ သကျသီဟ ဘုရားထောင့်၌ ဇာတ်ပွဲ၊ ရန်အောင်မန်း ကားသင်းရှေ့တွင် အငြိမ့်၊ ၂၉ လမ်း ဦးအေးမောင် တိုက်နားမှာ ရွှေဘိုတင်မောင်ရုပ်သေး၊ ၂၉ လမ်းအရှေ့ အင်းဝနို့ချဉ်ဆိုင်နားမှာ မြို့မတူရိယာ၊ ၈၅ လမ်းမြောက်ဖျား ပန်းတန်းထိပ်မှာ အငြိမ့်၊ ညွပ်မကြီးရှေ့မှာ မြန်မာမှုတီးဝိုင်းများ၊ ခြင်းဝိုင်းများဖြင့် ကြိတ်ကြိတ်တိုး စည်ကားခဲ့ပါသည်။

ဝါးတန်းကထိန်မှာ ကပြသော ဇာတ်ပွဲ၊ အငြိမ့်ပွဲများကလည်း မန္တလေး၏ ထိပ်တန်းဇာတ်၊ အငြိမ့်များပင်ဖြစ်ပါ၏။ တစ်ချိန်က ကျော်ကြားခဲ့သော ရတနာပုံအငြိမ့်၊ သစ်လွင်အငြိမ့်၊ လမင်းတရာအငြိမ့်များ အမြဲပါဝင်ခဲ့သည်။ မှတ်မိနေသည်ကား ဝါးတန်းကထိန်တွင် ၈၅ လမ်းမြောက်ဖျား၊ အိမ်ရှင်မ င်ပြာရည်ဆိုင်ရှေ့တွင် ရတနာပုံအငြိမ့် နှစ်တိုင်းကပြပါသည်။ ရတနာပုံအငြိမ့်သည် ဂီတမယ်လှလေးစိန်နှင့် မောင်ဦးမောင်ကို တည်ဆောက်သည့် ထိပ်တန်းအငြိမ့်ဖြစ်သည်။ သည်တုန်းက အငြိမ့်တီးဝိုင်းကလည်း ပါရိုးပါစဉ်ဆိုင်းဝိုင်းသာမက တူရိယာအသင်းတစ်သင်းစာ အနောက်တိုင်း လေမှုတ်တီးဝိုင်းလည်း ပါသည်။ သည်တီးဝိုင်းကိုဦးဆောင်သူက ယနေ့မြို့မတူရိယာအသင်း၏ ဂီတမှူးဖြစ်သူ ကိုရဲထွေးဖြစ်၏။

ထိုစဉ်က ရတနာပုံအငြိမ့်၏ ခေါင်းဆောင်မင်းသမီးမှာ ယဉ်ယဉ်အောင်ဖြစ်ပါသည်။ မန္တလေး အငြိမ့်သဘင်တစ်ခေတ်တွင် ရှေးရှေး လေဘာတီမမြရင်တို့ ခေတ်ကတည်းက နန်းတော်ရှေ့ဆရာတင်၊ ဦးဘဒင်၊ ကိုရွှေမောင်၊ ဆရာညွှာ၊ မြို့မငြိမ်းစသည့် စာရေးဆရာများ၏ အငြိမ့်သီချင်းများဖြင့် မင်းသမီးများ ကျော်ကြားခဲ့ကြသည့်အစဉ်

mgyoe.com

 mgyoe.com 

အလာရှိ၏။ ဤအစဉ်အလာကို အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည်မှာ အမာစိန်၊ နွဲ့နွဲ့စန်းတို့အလယ် ရုပ်တေး၊ နီနီဝင်း၊ မူမူစိန်၊ အိမ်ကြီးခင်ချို၊ ချိုတူး၊ မြင့်မြင့်သန်း၊ ဌေးဌေးမြင့်တို့ခေတ်အထိ ဖြစ်၏။ နောက်ပိုင်းတွင် ကိုယ်ပိုင်သီချင်း မည်မည်ရရမရှိကြတော့ဘဲ ဓာတ်ပြားသီချင်း၊ ရေဒီယိုသီချင်းမှအစ... ပေါ်ပင်စတီရီယိုသီချင်းအထိ ရောက်တတ်ရာရာ သီဆိုကြသဖြင့် အငြိမ့်အရသာ တိမ်းပါးစပြုနေချိန်တွင် ရတနာပုံအငြိမ့်မှ ယဉ်ယဉ်အောင်က ကိုယ်ပိုင်အငြိမ့်သီချင်း မဟုတ်သော်ငြားလည်း မြို့မငြိမ်း၏ အငြိမ့်သီချင်းတစ်ပုဒ်ပင် ဖြစ်သော "ချစ်သူ့ဩဇာ" သီချင်းကို အပီအပြင်ပြန်ဆိုတော့ နှစ်သက်စွဲမက်မိပါ၏။

ခေါင်းဆောင်မင်းသမီး ယဉ်ယဉ်အောင်က လှလှသည်တော့မဟုတ်။ သို့သော် အကြည့်ခံသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း မင်းသမီးအချိုးအဆက် မပျက်ရုံ ပြည့်ဖြိုးသည်။ အသံက အကောင်းကြီးမဟုတ်သော်လည်း အဆိုနပ်၏။ သေချာသည်မှာ မင်းသမီးအသံမျိုး အဆွဲအငင် အချွဲအပြစ်များမပါဘဲ အဆိုတော်တစ်ယောက် အသံမျိုး ဆွဲဆောင်မှုရှိသည်။ အကမှာလည်း မန္တလေးပန်တျာ ဆင်းမင်းသမီးတွေလို နင်လားငါလား မဟုတ်သော်လည်း ယဉ်ယဉ်ညက်ညက်လေး သက်သက်သာသာ ကနိုင်သည်။



တကယ်တော့...လေဘာတီ မမြရင်တို့ခေတ်တွင် မြို့လည်ကောင် ဝင်းကြီးတိုက်ကြီးများမှာ ဥယျာဉ်ပွဲ ကျင်းပအငြိမ့်ခံပြီး မင်းသမီးကို လူကြီးလူကောင်းပိုး ပိုးခဲ့ကြရာမှ မန္တလေးကောလိပ်ခေတ်တွင် အငြိမ့်စင်ထောင့်မှာ ပိုလိုခဲကာ အငြိမ့်ကရာနောက် တကောက်ကောက်လိုက်ပြီး မင်းသမီးနှင့်အကြည့်ချင်းဆုံ ရင်ခုန်ကြသည့် "ပန်းပန်လျက်ပါ" ဓာတ်လမ်းသည် ကျွန်တော်တို့ လူပျိုပေါက်အရွယ်မှာထိ ခေတ်မတိမ်းသေး။ ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်းနှစ်ယောက်သား ယဉ်ယဉ်အောင်၏ "ချစ်သူ့ဩဇာ" ကွန်ယက်မှာ ညပေါင်းများစွာ အမိခံခဲ့ကြရတာ ဝါးတန်းကထိန်က အစဖြစ်ပါ၏။

ခေါင်းဆောင်မင်းသမီးတစ်ယောက်

mgyoe.com

အလှည့်ဆိုသည်မှာ အငြိမ့်ကိုစွဲမက်စွာဖြင့် တပ်မက်သော လူနည်းစုသာကျန်သည့် တကယ့်အဆီအနှစ်အချိန်ပင် ဖြစ်ပါသည်။ နာရီ ပြန်တစ်ချက်ထိုးလုပေါ့။ ပွဲဈေးတန်းမှာလည်း လူသူပါးလျားသွားပြီ။ ခဲလံချောင်းသည် အတော်များများသိမ်းကုန်ပြီ။ ချွေတာရေးမုန့်သည်နှင့် မုန့်သိုင်းခြုံသည် ကျန်သေးသည်။ ကွမ်းယာဆိုင်များနှင့် လက်ဖက်ရည်ဆိုင်က မိုးအလင်းကြည့်မည့်ဇာတ်ပွဲ ပရိသတ်အတွက် အောက်လင်းဓာတ်မီးကို လေနာနာထိုးနေကြ၏။ မီးစက်တထုတ်ထုတ်အသံမှာ ညှပ်မကြီး ရှေ့အစောင့်လူငယ်တစ်စုက ပက်လက်ကုလားထိုင်တစ်လုံးစီဖြင့် ငိုက်မျဉ်းလျက်...။

အငြိမ့်ပွဲခင်းမှာ ပွဲဦးအစလို လူတွေကြိတ်ကြိတ်မတိုးတော့။ အငြိမ့်ဝါသနာအိုးတွေသာ ကျနစွာထိုင်ပြီး စိန်ပြေနပြေအားပေးနေကြ၏။ အငြိမ့်စင်ထောင့်မှာလည်း ခြေဖျားထောက်ကာ ကျပ်ညပ်တိုးဝှေ့မနေရတော့။ စက်ဘီးလေးငါးစီးထောက်ပြီး လူလေးငါးယောက်လောက်ပဲရှိလို့ အငြိမ့်စင်၏ ဆလိုက်မီးရောင်အောက်မှာ မျက်နှာအထင်းသားဖြစ်နေပြီ။ သည်လိုအချိန်မျိုးမှာ ခေါင်းဆောင်မင်းသမီးထွက်ပါ၏။

ထူးခြားစွာ မှတ်မိစွဲမက်ဖွယ်မရှိလှသည့် ကိုယ်ပိုင်သီချင်းတစ်ပုဒ်သီဆိုပြီး ဝါးလတ်က ကကွက်တစ်ပိုဒ်က...၊ လူပြက်တွေက ခွင်လုံးတစ်ခုဖြင့် ဇာတ်လမ်းဆင်ကာ ပြက်လုံးထုတ်၊ ပရိသတ်နှင့်မင်းသမီး မိတ်ဆက်ပြီး ဝါးလတ်တစ်ပုဒ်က...၊ ထို့နောက် ပေါ်ပင်စတီရီယို သီချင်းတစ်ပုဒ်ဆို...၊ ပြက်လုံးထုတ်...၊ အစီအစဉ်တွေကို သည်းခံကြည့်ရှုပြီးနောက် ကျွန်တော့်ရင်တွေ တလှပ်လှပ်ခုန်လာတော့သည်။ အခု ပွဲသိမ်းသီဆိုမယ့် သီချင်းက "ချစ်သူ့ဩဇာ" ဖြစ်ရမှာပေါ့။

ယဉ်ယဉ်အောင်နှင့် လူရွှင်တော်သုံးယောက်ဖြစ်သော ဒီပါ၊ ချစ်စရာ၊ ထင်ပေါ်တို့က နာမည်ကျော်တေးရေးဆရာကြီး အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်းရဲ့ သီချင်းတစ်ပုဒ်သီဆိုမှာကို အပြန်အလှန် ပြောဆိုနေချိန်မှာပင် ကျွန်တော်နှင့်ကျွန်တော့်သူငယ်ချင်းသည် ခေါင်းကိုမော့၊ ခါးကိုမတ်လိုက်ကြသည် မဟုတ်လော..။ ကိုရဲထွေး၏ တူရိယာဝိုင်းက အတောပိုဒ်ကို မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ပြီးနောက် ယဉ်ယဉ်အောင်က သီချင်းကို စတင်သီဆိုရင်း ဝဲယာဘက်ဝေ့အကြည့် ဆလိုက်မီးရောင်မှာ မျက်ဝန်းလေး လက်ခနဲဖြစ်သွားလျှင် ကျွန်တော်တို့ကိုလှမ်းကြည့်ကာ အသိအမှတ်ပြုလိုက်ပြီဟု စွဲမှတ်ပြီး ပီတိဖြာဝေကာ ပွဲကြည့်ရကျိုး နပ်တော့၏။

"အချစ်က မရေလည်...အတွေးရခက်တယ်
အပြောတော့လွယ်လွယ်...ရုပ်လုံးပေါ်ချစ်ဖို့လိုတယ်

mgyoe.com

mgyoe.com

ချုပ်ချုပ်ခြယ်ခြယ်...အခုကပဲကွယ်...
အမိန့်ထုတ်ကာရယ်...ဗိုလ်ကျချင် ချစ်သူ့အပေါ်ဝယ်
မောင်ချစ်သောခင့်ကို လူဗိုလ်ပုံအလယ်
ဆို...ကသောအလုပ်နဲ့ မကြည့်ရက်လို့ဖြင့် ခင်စွန့်ပယ်
ချိုမြိန်သောစကားမို့ နားဝင်သာပါတယ်ရှင်...
ချစ်သူသြဇာကို ညောင်းကာမကျမြေဝယ်..."

ကျွန်တော်တို့သည် မျက်တောင်မခတ်မိရုံမက အသက်ရှူမိမှာပင် မဟုတ်။ မြို့မငြိမ်း၏ စာသားနှင့်အတူ ယဉ်ယဉ်အောင်၏သီချင်းသံက...ကိုယ့်ပခုံးလေးပေါ်မှီနွဲ့ပြီး အနားကပ်ကာ တွတ်ထိုးမူနွဲ့နေသလို ခံစားနေကြရ၏။

"အဟုတ်လိုက်လျောတယ်
ချစ်သောသူစိတ်ထဲဝယ်
မိဘများကိုပင် လုပ်ကျွေးသူပါရှင်...
ဒီအရေး မလွယ်..." တဲ့။

ဩော် မိဘတွေကိုလုပ်ကျွေးနေရသူမို့ လူဗိုလ်ပုံအလယ်မှာ ဆို,ကသော အလုပ်ကို လုပ်နေရသူရယ်ပါ၊ မောင်ချစ်တဲ့ခင့်ကို ဒီအလုပ်လုပ်နေတာ မကြည့်ရက်ဘူးဆိုတဲ့ စကားလေးကဖြင့် နားဝင်သာချိုမြိန်ပါသတဲ့။ မောင် ချုပ်ခြယ်မိန့်ထုတ်ပြန်တဲ့ သြဇာကို မြေဝယ်မကျ နားထောင်ချင်ပါရဲ့လေ...ဒါပေမဲ့ မောင်ရယ်...

"သဘင်သည် မောင့်စိတ်က အငြိမ့်သမဂုဏ်ငယ်မယ်
ခွဲခြားသလား အတန်းအစားအချစ်နဲ့
ရာစုဝင် နိပါတ်တော်များအသွယ်သွယ်
ရှင်ဘုရင်မင်းများတောင် အနိမ့်အမြင့်မရွေးပါတယ်
အချစ်စစ်နဲ့ သုံးသပ်ပြီးဝေဖန်
ချစ်သောသူ မောင့်အမြင်မှန် စောင့်မယ်..." တဲ့။

မြိုင်ဆိုင်ညက်ညောစွာ တီးမှုတ်သွားသော တူရိယာအသံနှင့် ဒိုးချက်ကြား ယဉ်ယဉ်အောင်က ညက်ညက်ကလေးပဲ ကသွားပါသည်။ ဘယ်,ညာ ဖော့ကာဝိုက်ကာ ကရင်းအငြိမ့်စင်ထောင့်ဆီရောက်တိုင်း သူ့မျက်လုံးလေးက ကိုယ့်ဆီပဲ ရောက်လာသည်ဟုချည်းအောက်မေ့နေမိ၏။ သူက..."မောင်စိတ်က အငြိမ့်သမ ဂုဏ်ငယ်မယ်လို့ ခွဲခြားလေသလား" ဆိုကာ အပြစ်တင်လေတိုင်း နှုတ်ဖျားက ပွင့်မထွက်ရုံတမယ်...

mgyoe.com

“တို့က အငြိမ့်သမလေးတစ်ယောက်မို့ ချစ်ရတာပါ” ဟူသော စကားလုံးတွေ ရင်ထဲမှာ ပြည့်သိပ်လာပါသည်။

ငွေရောင်ဘော်ကြယ်ပွင့်လေးတွေ ခပ်ကျဲကျဲကြဲပက်ထားသည့် အဖြူရောင် နိုင်လွန်ခါးတောင်အင်္ကျီလေးရယ်၊ ပန်းနွယ်ပန်းခက် စိပ်စိပ်လေးတွေ အညွန့်တက်နေသည့် ဘော်ကြယ်ရောင်စုံထိုး အနားတပ်ဖြန့်ထဘီရယ်၊ ပါးပါးဖူးဖူး မရဲတရဲဆိုးထားသော နှုတ်ခမ်းလေးရယ်၊ မျက်တောင်ကော့ မျက်နက်ဝန်းပြီးတော့ မပုံ့တပုံ့ ကျောက်စီဆံထိုးတပ်ဆံထုံး၊ ဇွန်ပန်းကုံးတွေ တွယ်ဆင်းနေသော ဆံမြိတ်နှင့် ခပ်ဖွဖွအမောက်ကလေး... ဒီအလှတွေကိုခံစားရင်း ကြားနေရသည့် သီချင်းသံက

“ယှဉ်ပြိုင်ချစ်ဖွဲ့ကြီးတာ ဘယ်သူသာတယ်

ထင်ရှားစေမယ်...၊

နိုင်လွန်မဝတ်နဲ့ကွယ် ဆိုချင်ဆိုရှင်

မေနားထောင်မယ်...၊

နှုတ်ခမ်းမဆိုး...ပါးမဆိုး...ကြိုက်တာပြောရှင်

ဆိုးမှချစ်မယ်ဆိုရင်...နီပါစေမယ်...

ကွေ့ကွေ့ကောက်ကောက် အမောက်နဲ့မှ ခင့်ကိုချစ်ရင်

ဖြတ်လို့ပစ်ပစ်...၊ ဆိုးဆေးလိုရင်ကွယ်...” လို့သာ ရောင့်တက်နေတော့သည်။

ဤသို့ဖြင့် မန္တလေး၏ညများစွာကို အငြိမ့်သံနားစွင့်ရင်း ကျွန်တော်နှင့် ကျွန်တော့်သူငယ်ချင်း နှစ်ယောက်သားသည် စက်ဘီးတစ်စီးဖြင့် ယဉ်ယဉ်အောင်နောက် တကောက်ကောက်လိုက်မိရက်သား ဖြစ်လေတော့သည်။

ဘဝ၏ အမှတ်ရဖွယ် အစိတ်အပိုင်းကလေးတစ်ခုကလည်း ဝါးတန်းကထိန်က စခဲ့သည်ဟူလို...။

အခုမှ ပြန်စဉ်းစားကြည့်မိသည်။ ထိုစဉ်အခါတုန်းက အငြိမ့်စင်ထောင့်မှ စွဲစွဲလမ်းလမ်းဖြစ်ခဲ့ရသည်က မင်းသမီးယဉ်ယဉ်အောင်ကြောင့် မဟုတ်နိုင်။ ပထမဦးဆုံး ကြားလိုက်ဖူးသော မြို့မငြိမ်း၏ “ချစ်သူ့ဩဇာ” သီချင်းကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ ချစ်သူ့ဩဇာက ပထမ...၊ ယဉ်ယဉ်အောင်က ဒုတိယဖြစ်မှာပေါ့...။

အငြိမ့်မင်းသမီးတစ်ယောက်၏ ကွေ့ကွေ့ကောက်ကောက် ဘဝလေးတစ်ခုကို ချစ်စရာကောင်းအောင် လှလှပပလေး ဖွဲ့ဆိုခဲ့သည်။ သံစဉ်ချောမွေ့ နုညက်ညက်စာသားလေးအား အငြိမ့်စင်ထက် မီးရောင်အောက်မှာပင် အရပ်သူလေးနှင့် မခြားနားလှသော အငြိမ့်

mgyi.com

 mgyoe.com 

မင်းသမီးလေးတစ်ယောက်ဆီမှ ပထမဦးဆုံး ကြားသိခံစားလိုက်ရတော့ အမှတ်ရဖွယ်ဖြစ်အောင် စွဲမြဲသွားတော့၏။

"ချစ်သူ့ဩဇာ" ကို မြို့မအသင်းမှ အဆိုတော်တင်တင်မာလည်း သီဆိုဖူးပါသည်။ တင်တင်မာ့အသံကလည်း ပါးပါးလေးနှင့် အဆိုနပ်လှပါသည်။ နိုင်ငံကျော် အမျိုးသမီးအဆိုတော်တစ်ယောက်လည်း သီဆိုဖူးပါသည်။ ထို့ပြင် နိုင်ငံကျော်မင်းသမီး အမာစိန်ကလည်း မြို့မနှင့် တွဲဖက်သီဆိုဖူးပါ၏။ မည်သို့ပင်ဖြစ်စေ ဝါးတန်းကထိန်ညက အငြိမ့်စင်အောက်မှ ခံစားမှုမျိုး မရနိုင်တော့တာ သေချာပါသည်။ သည်အကြောင်းတွေ ပြန်လှန်ပြောမိလေတော့ "မိဘများကိုပင်...လုပ်ကျွေးသူပါရှင်၊ သည်အရေးမလွယ်..." ဆိုသောယဉ်ယဉ်အောင့်အသံလေးကို ပြန်လည်ကြားမိနေပါသေး၏။

ဝါးတန်းကထိန်ကို အငြိမ့်မင်းသမီးတစ်လက်၊ အငြိမ့်သီချင်းတစ်ပုဒ်ကြောင့် တ,သသတိရနေခြင်းကား တကယ်တော့ ပြည့်စုံလှသေးသည်မဟုတ်ချေ။ ဝါးတန်းကထိန်ကိုစွဲမြဲသွားခြင်း ကနဦးအစကား... "မီးရထား" လေးတွေပါဟုဆိုပါက ထူးဆန်းအံ့ဖွယ်ဖြစ်ပေလိမ့်မည်။ ကျွန်တော်ကိုယ်၌က ဘယ်နနှစ်သားလောက်လဲဆိုတာ အတိအကျမသိ။ သို့သော် အတော်ငယ်လှသေးသော အရွယ်လို့ဖြင့် တထစ်ချပြောနိုင်ပါ၏။ ကလေးတစ်ယောက်အဖို့ ထိတွေ့နေရသော ကစားစရာများကား ဘုရားကြီးမြောက်စောင်းတန်းမှ ဝယ်ခဲ့သော သစ်သားမြင်းရုပ်ပဲ ဖြစ်မှာပေါ့...။ စက္ကူပစ်တိုင်းထောင်အရုပ်ပဲ ဖြစ်မှာပေါ့...။ လွန်ရောကျွံရော ကျောက်တော်ကြီးဘုရားပွဲမှ ဝယ်ခဲ့သော ကြိုးဖြင့်ဆွဲရသည့် သင်္ဘောဆေးသုတ် သံဖြူကားကလေးပဲ ဖြစ်မှာပေါ့...။ သံပတ်ပေးစက်ရုပ်...၊ ကော်ပတ်ဘိုမရုပ်...၊ ဖိုက်ဘာတိုက်အိမ် စသည့်ကစားစရာများနှင့်တော့ ဝေလာဝေး...။ကိုင်ကြည့်ဖို့အနေသာ...မြင်ဖူးရုံမျှပဲဟု ဆိုရပါမည်။ အင်မတန်ချမ်းသာပြီး ခေတ်အမြင်လည်းရှိ၊ ပေါက်ရောက်မှုလည်းရှိသော သူဌေးအိမ်မှ ကလေးငယ်များသာ ကစားခွင့်ရမည့် ပစ္စည်းများမို့ မိမိနှင့် မဆိုင်လေးရယ်မှ အိုမဆိုင်။

သံပတ်ပေးထားသော သို့မဟုတ် ဓာတ်ခဲဖြင့် မောင်းနှင်နိုင်သော မော်တော်ကား၊ မီးရထားစသည့် စက်ရုပ်ကလေးများကို ကြုံတောင့်ကြုံခဲ မန္တလေးသို့ ပြည်ထောင်စုအလံတော် အလှည့်ကျရုပ်နားပြီး မန်းရာပြည့်ကွင်းမှာ ပြည်ထောင်စုနေ့ အခမ်းအနားကြီးများ ကျင်းပပါမှ "မြန်မာ့မီးရထားပြခန်းတွင် မြင်တွေ့ရဖူးခြင်း ဖြစ်ပါသည်။ ဒါကလည်းတစ်စင်းတလေသာ။ အသစ်ဖောက် မီးရထားလမ်းသစ် စီမံကိန်းပုံစံတွင် နမူနာ ပြရုံကလေး။

mgyoe.com

mgyoe.com

သို့သော် တစ်နှစ်မှာတော့ ဝါးတန်းကထိန်တွင် ၈၅ လမ်းမကြီးပေါ်၌ ပေ ၁၀၀ နီးပါးမျှကို စားပွဲရှည်ကြီးတွေဆက်၊ ရာဇမတ်ကာပြီး စားပွဲပေါ်တွင် ပုံစံငယ်များဖြင့် မြို့ရွာတွေ၊ သဘာဝအင်းအိုင်တွေ၊ ရေသွင်သွင်စီးမြစ်ငယ် ချောင်းငယ်တွေ၊ သစ်တောဖုံးလွှမ်း တောင်ကုန်းလေးတွေ၊ မီးခိုးတလူလူ စက်ရုံတွေ၊ လျှိုမြောင်တွေ၊ ချိုင့်ဝှမ်းတွေ၊ ရွာငယ်တွေ၊ မြို့ပြတွေကို တကယ်ပကတိ အရှိပမာ ဆက်စပ်တည်ထောင်ထား၏။ သည်မြို့ရွာ၊ တောတောင်တွေကိုဖြတ်ကာ မီးရထားလမ်းအသွယ်သွယ်လည်း ဖောက်လုပ်ထားသည်။ မြေပြန့်က မီးရထားလမ်း၊ တောင်ပေါ်က မီးရထားလမ်း၊ လွန်းထိုးတက်ရသောမီးရထားလမ်း၊ ဥမင်လိုဏ်ခေါင်းဖြတ် မီးရထားလမ်း၊ တံတားကြီးတွေပေါ်က မီးရထားလမ်း၊ ကားလမ်းခုံးကျော်အောက်က မီးရထားလမ်း...စသည်ဖြင့် မီးရထားလမ်းအသွယ်သွယ်လည်း ပါရှိသည်။

မီးရထားလမ်းအသွယ်သွယ်ကြောင့် ဘူတာအသီးသီးလည်း ပါရှိ၏။ မြို့ကြီးက ဘူတာကြီး၊ ကြားစခန်းမြို့က ရပ်စခန်းဘူတာ၊ ကျေးရွာကလေးက ဘူတာကလေး...။ လမ်းခွဲတွေ၊ လမ်းကွေ့တွေ၊ ရှန်တိန်လမ်းတွေ၊ အလံတိုင်တွေ၊ လမ်းခွဲများ အလိုအလျောက်ထိန်းချုပ်သောစင်တွေ...ဒါတွေလည်း ပကတိအရှိအလား ပုံစံငယ်လေးများပါရှိသည်။ လူစီးတွဲ၊ ကုန်တွဲ၊ ပက်လက်တွဲ၊ ဆီတင်တွဲ၊ ဂတ်တွဲ၊ ဘရိတ်တွဲအမျိုးမျိုးအပြင် ကျောက်မီးသွေးစက်ခေါင်း အမျိုးမျိုး၊ ဒီဇယ်စက်ခေါင်း အမျိုးမျိုးဖြင့် ရထားတွဲအမျိုးမျိုးကိုဆွဲကာ မီးရထားလမ်းတစ်လျှောက် ဥဒဟိုသွားလာနေကြ၏။ ဘူတာမှာ ရထားတစ်စီး ဆိုက်နေလျှင် လမ်းမအားသေး၍ အလံမချိုးပေးသောကြောင့် ဘူတာရပ်ဝင်း တစ်ဖက်ထိပ်မှာ ကုန်တွဲရထားတစ်စင်း အလိုအလျောက် ရပ်စောင့်နေသည်။ မြို့ဘူတာကြီးသို့ လွန်းပျံဝင်ထွက်နေသော ရထားတွေကို အလိုအလျောက် လမ်းခွဲစနစ်ဖြင့် လမ်းကြောင်းပြောင်းပေးနေ၏။ မြို့ကြီးများမှ တိုက်အိမ်တွေမှာ လျှပ်စစ်မီးတွေလင်း၊ ဘူတာထိပ် အလံတိုင်မှ နီလိုက်၊ စိမ်းလိုက်...။ ကူးတို့သင်္ဘောတစ်စင်း တလှုပ်လှုပ်ဖြတ်နေသော ရေသွင်သွင်စီးမြစ်ပြင်ကို ဖြတ်ကူးထားသည့် သံမဏိခုံးတံတားပေါ်တွင် ဆီတင်တွဲရှည်ကြီးနှင့် ရထားတစ်စင်းက တဝေါဝေါဖြတ်။

တောဘူတာလေးမှာ အလံချိုးသည်နှင့် ကျောက်မီးသွေးစက်ခေါင်းမှ မီးခိုးတဝုတ်ဝုတ် မှုတ်ထုတ်ရင်း လူစီး လော်ကယ်ရထားတစ်စင်း ထွက်ခွာ...။ ရထားလမ်းဖြတ်မော်တော်ကား လမ်းတံတားက ဘူတာထဲမှ ရထားထွက်လုခင်ကတည်းက ပိတ်ထား၍ အဝေးပြေးကားတစ်စီး ရပ်စောင့်၊ ဂါတ်တွဲတံခါးကျော်မှ တံခါးအလိုအလျောက်ပွင့်...။
mgyoe.com

၈၅ လမ်းပေါ်မှ ပေ ၁၀၀ နီးပါး စားပွဲရှည်ကြီးရှေ့တွင် လူကြိတ်ကြိတ်တိုး စည်ကားလှ၏။ အဖေက သူ့ပခုံးပေါ် ကျွန်တော့်ထမ်းတင်ပြီး ပြသည်။ ခဏတစ်ဖြုတ်သာကြည့်ပြီး အဖေက ရုပ်သေးပွဲမှာ စိမ်ပြေနပြေထိုင်ကြည့်မည် စိတ်ကူး၏။ သို့သော် ကျွန်တော့်မှာ… မီးရထားလေးတွေနားက မခွာနိုင်တော့…။ ရင်သပ်ရှုမော အံ့သြဖွယ်ရာပါတကား…။

ဤအဖြစ်အပျက်က ဝါးတန်းကထိန်၏ ဆန်းသစ်ခမ်းနားကြီးကျယ်မှုကို စွဲနစ်သွားစေသည်မှာ ကနေ့အထိ ဆိုပါတော့…။

ဩော်…ဝါးတန်းဆိုတာ သူဌေးရုပ်ကွက်ပေပဲလေ…။

ဝ

mgyoe.com

mgype.com



# ဝါးတန်း တေးသံ

ကျွန်တော်က ဝါးတန်းကထိန်ကစပြီး ယဉ်ယဉ်အောင်ကို စွဲလမ်းခဲ့ကာ ယဉ်ယဉ်အောင်အငြိမ့်ကရာ တကောက်ကောက် လိုက်မိသည့် အကြောင်း ရေးဖြစ်တော့ မိတ်ဆွေများက နောက်ဆုံးတော့ ယဉ်ယဉ်အောင်နဲ့ ဘယ်လိုဇာတ်သိမ်းသွားသလဲဟု စူးစမ်း မေးမြန်းကြပါသည်။

မန္တလေးမှာက အငြိမ့်မင်းသမီးနှင့် ပွဲကြည့်ပရိသတ်ကြား ဆက်ဆံမှုသည် ဤသို့ဤနှယ် ရှုးသွပ်မှုများက ရှေးပဝေသဏီကတည်းက ဖြစ်၏။ တပ်မက်သော လူနည်းစုဟုပြောရမည့် အနုပညာခံစားမှု ပါးလွှာလွန်းသော သူများသည် ဤသို့ဤနှယ်ချည်းပင် မဟုတ်လော။ အငြိမ့်မင်းသမီး သီချင်းဆိုသည် ကသည်ဟူသော ကိစ္စတစ်ရပ်အပေါ် ဖျော်ဖြေမှုတစ်ခုအနေနှင့် အချိန်ဖြုန်း (တို့ထက်ပိုလွန်လျှင်) ခံစားကြသော လူများစုကြီးတွင် တရှိုက်မက်မက်ဟု ဆိုနိုင်အံ့လောက်သည့် အနုပညာကို ထွင်းဖောက်ခံစားချင်သူ၊ ရိုက်ခတ်လာသော အနုပညာလှိုင်းကို ခံစားမှုက ပါးလွှာသဖြင့် နှင့်ခံ

mgype.com